# ကျွန်ုပ်တို့အား သူပရောဖက်များကို ပေးခဲ့သည်

သင်ခန်းစာ ရှစ်

နောက်ဆုံးသောကာလအယူဝါဒကို ဖွင့်ပြခြင်း

Manuscript

thirdmill

Biblical Education. For the World. For Free.

တတိယ ထောင်စုနှစ် အမှုတော်များ၊ ၂၀၁၂

မူပိုင်ခွင့် အားလုံးကန့်သတ်ထားပြီးဖြစ်သည်။ ဤစာအုပ်၏ မည်သည့် အပိုင်းကဏ္ဍကို မဆို ပညာနှင့် အရည်အသွေး သို့မဟုတ် ပြန်လည် ဆန်းစစ်ခြင်း သို့မဟုတ် ထင်မြင် သုံးသပ်ချက်ပေးခြင်း ရည်ရွယ်ချက်များအတွက် အတိုချုံး ကိုးကားမှု ပြုသည်များမှ လွဲ၍ ထုတ်ဝေသူ တတိယထောင်စုနှစ် အမှုတော်များ အင်ကော်ပိုရိတ်တက် 316 Live Oaks Blvd., Casselberry, Florida 32707 ၏ စာဖြင့် ရေးသား ခွင့်ပြုထားချက် မပါရှိဘဲ မည်သည့် ပုံစံ၊ မည်သည့် နည်းလမ်းဖြင့် ဖြစ်စေ အမြတ်အစွန်း ရရန် အလို့ငှာ ကူးယူ၊ ပွားများခြင်း မပြုရပါ။

တစ်နည်းနည်းနှင့် မပြထားလျှင် ကျမ်းအကိုးအကား အားလုံးသည် Good News Publishers ၏ အမှုတော်တစ်ခုဖြစ်သော Crossway ၏ 2001 ခုနှစ် ထုတ် ESV (English Standard Bible) သမ္မာကျမ်းစာ မှ ဖြစ်ပါသည်။ ခွင့်ပြုချက်ဖြင့် အသုံးပြုထားပါသည်။ မူပိုင်ခွင့် အားလုံး ကန့်သတ်ထားပြီး ဖြစ်ပါသည်။

## သာ့ဒ်မစ်လ် အကြောင်း

၁၉၉၇ ခုနှစ်တွင် တည်ထောင်ခဲ့သော သာ့ဒ်မစ်လ် သည်အမြတ်အစွန်းကို အဓိက မထားသော ဧဝံဂေလိ ခရစ်ယာန် အမှုတော် တစ်ခု ဖြစ်ပါသည်။ သာ့ဒ်မစ်လ်က ပေးအပ်ရန် ရည်စူးထားသည်မှာ-

ကမ္ဘာကြီးအတွက် အခမဲ့ သမ္မာကျမ်းစာ ပညာရေး

ကျွန်ုပ်တို့၏ ပန်းတိုင်မှာ ကမ္ဘာတလွှားရှိ အမှုတော်အတွက် လုံလောက်သော လေ့ကျင့်ရည် ချို့တဲ့ ကင်းမဲ့သည့် သင်းအုပ်နှင့် ခရစ်ယာန် ခေါင်းဆောင် ထောင်ပေါင်း များစွာအား အခမဲ့ ခရစ်ယာန် ပညာရေးကို ပေးကမ်းရန် ဖြစ်ပါသည်။ ပြိုင်ဖက်ကင်းသော မီဒီယာစုံသင် စာသင်တိုက် သင်ရိုးကို အင်္ဂလိပ်၊ အာရဘစ်၊ တရုတ်၊ ရုရှ နှင့် စပိန် ဘာသာစကားများဖြင့် ထုတ်လုပ်ပြီး ကမ္ဘာ အနှံ့ ဖြန့်ဝေခြင်း အားဖြင့် ဤပန်းတိုင်ကို ကျွန်ုပ်တို့ ဖြည့်ဆည်းနေပါသည်။ ကျွန်ုပ်တို့၏ သင်ရိုးကို ကျွန်ုပ်တို့၏ မိတ်ဖက် အမှုတော်များအားဖြင့် အခြားသော ဘာသာစကား တစ်ဒါဇင်ကျော်သို့ ပြန်ဆိုလျက် ရှိပါသည်။ သင်ရိုးတွင် ရုပ်ပုံများက ထိန်းကျောင်းသော ဗီဒီယိုများ၊ ပုံနှိပ်ထားသော ညွှန်ကြားချက်များ နှင့် အင်တာနက် အရင်းအမြစ်များ ပါဝင်ပါသည်။ ၎င်းကို ကျောင်းများ၊ အုပ်စုများ၊ တစ်ဦးချင်း ပုဂ္ဂိုလ်များ၊ အွန်လိုင်းတွင်သာမက သင်ယူလေ့လာသော လူ့အဖွဲ့အစည်းများတွင်ပါ အသုံးပြုနိုင်အောင် ပုံစံဆွဲထားပါသည်။

နှစ်ပေါင်းများစွာအတွင်း အကောင်းဆုံး ပါဝင် ပစ္စည်းနှင့် အရည်အသွေး ရှိသော ဆုရ မီဒီယာစုံသင် သင်ခန်းစာများကို အလွန်ပင် တွက်ချေကိုက်စွာ ပြုစုထုတ်လုပ်ပေးသည့် နည်းစနစ်တစ်ခုကို ကျွန်ုပ်တို့ တိုးတက်ဖွံ့ဖြိုးလာစေခဲ့ပြီး ဖြစ်ပါသည်။ ကျွန်ုပ်တို့၏ စာရေးသူများနှင့် အယ်ဒီတာများသည် ဓမ္မပညာပိုင်းဆိုင်ရာ လေ့ကျင့်မှု ရှိထားပြီးသော ပညာပေးသူများ ဖြစ်ပါသည်။ ကျွန်ုပ်တို့၏ ဘာသာပြန်ဆိုသူများသည်လည်း သူတို့၏ ဦးတည် ဘာသာစကားများ၌ ဓမ္မပညာပိုင်းဆိုင်ရာ ကျွမ်းကျင်

လိမ္မာသော ဒေသစကားပြောသူများ ဖြစ်ကြပါသည်။ ကျွန်ုပ်တို့၏ သင်ခန်းစာများတွင်လည်း ကမ္ဘာတလွှားမှ ထောင်ပေါင်းများစွာသော ဂုဏ်အသရေ ရှိ စာသင်တိုက် ပါမောက္ခများနှင့် သင်းအုပ်ဆရာများ၏ ထိုးထွင်းအမြင်များ ပါဝင်ပါသည်။ ဖြည့်စွက်ပြောရလျှင် ကျွန်ုပ်တို့၏ ရုပ်ပုံ ဒီဇိုင်နာများ၊ ပန်းချီဆရာများ၊ ထုတ်လုပ်သူများသည် လုံးဝဥဿုံ ခေတ်မီသော ကရိယာများနှင့် နည်းလမ်းများကို သုံး၍ အမြင့်ဆုံး ထုတ်လုပ်မှု ဆိုင်ရာ စံနှုန်းများကို လိုက်နာထားပါသည်။

ကျွန်ုပ်တို့၏ ဖြန့်ချိရေး ဆိုင်ရာ ပန်းတိုင်များကို ပြီးမြောက်ရန် အတွက် သာ့ဒ်မစ်လ် အနေဖြင့် အသင်းတော်များ၊ စာသင်တိုက်များ၊ ကျမ်းစာကျောင်းများ၊ သာသနာပြုများ၊ ခရစ်ယာန် အသံလွှင့်သူများ၊ ဂြိုလ်တု ရုပ်မြင်သံကြား ဝန်ဆောင်မှုပေးသူများ၊ အခြားသော အဖွဲ့အစည်းများနှင့် မဟာဗျူဟာကျသော မိတ်ဖက်ဖြစ်မှုကို အခိုင်အမာ ပြုလုပ်ထားပါသည်။ ဤ ဆက်နွယ်မှုများကြောင့် ဒေသခံခေါင်းဆောင်များ၊ သင်းအုပ်ဆရာများ၊ စာသင်တိုက် စာသင်သားများသို့ ဗီဒီယို သင်ခန်းစာ အမြောက်အများကို ဖြန့်ဝေပေးနိုင်ခဲ့ပြီး ဖြစ်ပါသည်။ ကျွန်ုပ်တို့၏ ဝက်ဘ်ဆိုက်များ သည်လည်း ဖြန့်ချိရေး လမ်းကြောင်းများ အဖြစ် အသုံးတည့်နေသလို သင်၏ ကိုယ်ပိုင် လေ့လာသင်ယူ လူ့အဖွဲ့အစည်းကို မည်သို့ စတင်ရမည် ဆိုသည်နှင့် သက်ဆိုင်သည့် သင်ခန်းစာ ပစ္စည်းများ အပါအဝင် ကျွန်ုပ်တို့၏ သင်ခန်းစာများကို ထပ်ဆောင်းဖြည့်ဆည်းပေးရန် အတွက် နောက်ထပ် လိုအပ်သော ပစ္စည်းများကိုလည်း ပေးကမ်းပါသည်။

သာ့ဒ်မစ်လ်ကို အိုင်အာရ်အက်စ်က ကော်ပိုရေးရှင်း 501 C (3) အဖြစ်ဖြင့် အသိအမှတ်ပြုထားပါသည်။ ရက်ရောသည့် အသင်းတော်များ၏ အခွန်လွတ်ငြိမ်းခွင့် ရထားသည့် အလှူငွေများ၊ ဖောင်ဒေးရှင်းများ၊ စီးပွားရေး လုပ်ငန်းများနှင့် တစ်ဦးချင်း ပုဂ္ဂိုလ်များအပေါ်တွင် ကျွန်ုပ်တို့ အမှီပြုပါသည်။ ကျွန်ုပ်တို့၏ အမှုတော် အကြောင်း ပိုမိုသိရှိရန်နှင့် သင်မည်သို့ ပါဝင်နိုင်ကြောင်း လေ့လာရန် ကျေးဇူး ပြု၍ www.thirdmill.org သို့ ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

# မာတိကာ


နိဒါန်း ........ 1

မောရှေ၏နောက်ဆုံးသောကာလအယူဝါဒ ........ 2

**ပဋိညာဉ်သံသရာ** ........ 2

**အဆုံးစွန်သောပဋိညာဉ်** ........ 2

ကြိုတင်ပရောဖက်ပြုချက်ဆိုင်ရာ နောက်ဆုံးသောကာလအယူဝါဒ ........ 5

**မောရှေနှင့်ဆင်တူမှုများ** ........ 5

**မောရှေအားထပ်မံဖြည့်စွက်ခြင်း** ........ 6

ဘုရင်ဖြစ်ခြင်း ........ 6

ဗိမာန်တော် ........ 8

တစ်ပါးအမျိုးသားများ ........ 9

နောက်ပိုင်းပရောဖက်ပြုချက်ဆိုင်ရာနောက်ဆုံးသောကာလအယူဝါဒ ........ 11

**ယေရမိ၏မျှော်လင့်ချက်** ........ 11

**ဒံယေလ၏ထိုးထွင်းသိမြင်မှု** ........ 12

**နောက်ဆုံးရှုမြင်ချက်များ** ........ 15

ကနဦး မျှော်လင့်ချက်များ ........ 15

နောက်ဆုံးမျှော်လင့်ချက်များ ........ 16

ဓမ္မသစ်ကျမ်း၏နောက်ဆုံးသောကာလအယူဝါဒ ........ 17

**အသုံးအနှုန်း** ........ 17

ဧဝံဂေလိတရား ........ 17

နိုင်ငံတော် ........ 19

နောင်ကာလ ........ 19

**ဖွဲ့စည်းပုံ** ........ 20

ဗတ္တိဇံဆရာယောဟန် ........ 20

သခင်ယေရှု ........ 21

**အကြောင်းအရာများ** ........ 21

ကျွန်ခံခြင်း ........ 22

ပြန်လည်တည်ဆောက်ခြင်း ........ 22

နိဂုံး ........ 24




ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သဘာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

# နိဒါန်း

ကျွန်ုပ်ကြီးပြင်းလာချိန်၊ အားလပ်ရက်များတွင် ကျွန်ုပ်၏မိသားစုသည် ကားဖြင့်အမြဲ ခရီးသွားလေ့ရှိကာ၊ ကျွန်ုပ်တို့သည် ဦးတည်ရာတစ်ခုသို့ရောက်နိုင်ရန် ရှင်းလင်းသောပန်းတိုင်ကို ထားရှိကြမည်ဖြစ်သည်။ သို့သော်လမ်းတလျှောက်တွင်၊ အစီအစဉ်ကိုဖော်ပြပေးမည့် ကွဲပြားသည့်အရာများ ဖြစ်ပေါ်လာနိုင်ပါသည်။ တစ်နေရာတည်းတွင် မျှော်လင့်ထားသည်ထက် အနည်းငယ်ပိုကြာနိုင်သည်၊ သို့မဟုတ် ပင်ပန်းနိုင်သည်၊ ထိုသို့သောအရာတစ်ခုခုဖြစ်နိုင်ပါသည်။

ဓမ္မဟောင်းပရောဖက်ပြုချက်၌ အလားတူသောအရာများ ဖြစ်ပျက်ခဲ့သည်။ ဘုရားသခင်တွင် လူ့သမိုင်းတစ်ခုလုံးအတွက် အချုပ်အခြာအာဏာရှိသော အစီအစဉ်တစ်ခုရှိပြီး၊ ထိုအစီအစဉ်သည် ၎င်း၏အဆုံးစွန်သို့ရောက်လိမ့်မည်ဖြစ်ကာ၊ လမ်းတစ်လျှောက်ခြေလှမ်းတိုင်းအား ဘုရားသခင်သည် အချုပ်အခြာအာဏာဖြင့် စီစဉ်ထားပါသည်။ သို့သော်တစ်ချိန်တည်းမှာပင် လူသားများအနေဖြင့် ပရောဖက်ပြုချက်ကို မည်ကဲ့သို့တုံ့ပြန်မည်ကိုသိမြင်ရန် ဘုရားသခင်သည် သူ၏ပံ့ပိုးပေးမှု၌ စောင့်ကြည့်နေကြောင်းနှင့် သူတို့သည် နည်းလမ်းတစ်ခုဖြင့်တုံ့ပြန်သောအခါ ကိုယ်တော်သည်နည်းလမ်းတစ်ခုဖြင့် ပြန်လည်တုံ့ပြန်ပြီး၊ အခြားနည်းလမ်းဖြင့်တုံ့ပြန်သောအခါ အခြားနည်းလမ်းဖြင့် ပြန်လည်တုံ့ပြန်သည်ကို ကျွန်ုပ်တို့သိသည်။ ထို့ကြောင့် ကျွန်ုပ်တို့တွေ့ရှိသောအရာမှာ ကြမ္မာ သို့မဟုတ် *နောက်ဆုံးသောအချိန်* နှင့် ပတ်သက်၍သမ္မာကျမ်းစာတစ်ခွင်လုံးတွင် ဖော်ပြနေခြင်းဖြစ်သည်။ သမ္မာကျမ်းစာ၏ဖွင့်လှစ်ဖော်ပြမှု တိုးလာသည်နှင့်အမျှ ဘုရားသခင်သည် မိမိ၏လူမျိုးအတွက် သူလုပ်ဆောင်မည့်အရာများကို ပိုမိုဖော်ပြလာပါသည်။

ကျွန်ုပ်တို့သည် ဤသင်ခန်းစာကို "နောက်ဆုံးသောကာလဆိုင်ရာအယူဝါဒကို ဖွင့်ပြခြင်း" ဟု ခေါင်းစဉ်တပ်ထားပါသည်၊ အဘယ်ကြောင့်ဆိုသော် အချိန်ကာလ၏အဆုံး သို့မဟုတ် နောက်ဆုံးသောကာလ၏ပရောဖက်ပြုချက်ဆိုင်ရာရှုပါရုံသည် ပရောဖက်ပြုရာကာလအမျိုးမျိုးတွင် မည်ကဲ့သို့တိုးတက်ပြောင်းလဲလာသည်ကို မြင်တွေ့ရမည်ဖြစ်သောကြောင့်ဖြစ်သည်။ နောက်ဆုံးသောကာလအယူဝါဒ၏ ထုတ်ဖော်ပြသမှုတွင် ကျွန်ုပ်တို့အမြဲအမှတ်ရနေရမည့် အဓိကအဆင့်လေးခုကို ကြည့်ပါမည်_ ပထမ မောရှေ၏နောက်ဆုံးသောကာလအယူဝါဒ၊ ဒုတိယ ကြိုတင်ပရောဖက်ပြုချက်ဆိုင်ရာ နောက်ဆုံးသောကာလအယူဝါဒ၊ တတိယ ပရောဖက်ပြုချက်ဆိုင်ရာနောက်ဆုံးသောကာလအယူဝါဒကို လေ့လာပြီးနောက်၊ စတုတ္ထ ဓမ္မသစ်ကျမ်း၏နောက်ဆုံးသောကာလအယူဝါဒကို လေ့လာပါမည်။ မောရှေကိုယ်တိုင်ထံမှလာသော အမြင်များကို ဦးစွာကြည့်ကြပါစို့။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

# မောရှေ၏နောက်ဆုံးသောကာလအယူဝါဒ

တစ်နေ့တွင် ခက်ခဲသည့်အချိန်များ ပြီးဆုံးသွားလိမ့်မည်ဟူသော ယုံကြည်ချက်တစ်ခုတည်းသာ သင့်အနေဖြင့်လုပ်ဆောင်နိုင်သော အမှန်တကယ် ခက်ခဲသည့်အချိန်များကို သင်ဖြတ်သန်းဖူးပါသလား။ များသောအားဖြင့်၊ မောရှေသည် ဣသရေလလူမျိုးအား ထိုအမြင်မျိုးပေးခဲ့သည်။ ကတိတော်ပြည်မှ နှင်ထုတ်ခြင်းခံရသည့်တိုင် ခက်ခဲသောအချိန်များသည်ရောက်လာကြောင်း၊ သို့သော်တစ်နေ့တွင်အရာရာသည် များစွာကောင်းမွန်လာမည့်အကြောင်း အနာဂတ်ကာလဆိုင်ရာမျှော်လင့်ချက်ကို ဣသရေလလူတို့အားသူပြောခဲ့သည်။ မောရှေ၏အမြင်များကို နားလည်ရန်အတွက်၊ ယခင်သင်ခန်းစာများတွင် မြင်တွေ့ခဲ့ပြီးဖြစ်သော ပဋိညာဉ်၏အခြေခံစွမ်းအားအချို့ကို လေ့လာရန်လိုအပ်သည်_ ပထမပဋိညာဉ်သံသရာ နှင့် ဒုတိယအဆုံးစွန်သောပဋိညာဉ် တို့ဖြစ်သည်။

## ပဋိညာဉ်သံသရာ

ဘုရားသခင်သည် မိမိလူမျိုး၏သစ္စာစောင့်သိမှုကို စမ်းသပ်ပြီး၊ သူ၏လူတို့သည် မကြာခဏ ကျရှုံးကြောင်း မောရှေနားလည်ခဲ့သည်ကို သင်မှတ်မိပါလိမ့်မည်။ ရလဒ်အနေနှင့်၊ တရားစီရင်ခြင်းနှင့် ကောင်းချီးမင်္ဂလာပေးခြင်းသံသရာများသည် ဘုရားသခင်နှင့် ကိုယ်တော်၏လူမျိုးကြားဆက်ဆံရေးကို ပုံဆောင်မည်ဖြစ်ကြောင်း မောရှေသွန်သင်ခဲ့သည်။ ဘုရားသခင်၏လူများသည် ကိုယ်တော်ကို ထင်ရှားစွာဆန့်ကျင်ပုန်ကန်သောအခါ၊ ကိုယ်တော်၏တရားစီရင်ခြင်းကို စစ်နှင့် သဘာဝတရားတွင် တွေ့ကြုံခံစားခဲ့ကြရသည်။ ဘုရားသခင်၏လူများသည် ကိုယ်တော်အပေါ်သစ္စာရှိသည့်အခါ၊ ကိုယ်တော်၏ ကောင်းချီးမင်္ဂလာများကို စစ်နှင့် သဘာဝတရားတွင် ခံစားခဲ့ကြရသည်။ ကောင်းချီးမင်္ဂလာနှင့်တရားစီရင်ခြင်းကြားရှိ သံသရာပုံစံပဋိညာဉ်အား ဓမ္မဟောင်းကျမ်းတစ်ခုလုံးတွင် အကြိမ်များစွာ တွေ့ရသည်။

## အဆုံးစွန်သောပဋိညာဉ်

ယခု မောရှေ၏ကျမ်းများတွင် နောက်ဆုံးသောကာလအယူဝါဒသည် ဤကောင်းချီးမင်္ဂလာနှင့် တရားစီရင်ခြင်း၏အခြေခံပုံစံမှ ဖွံ့ဖြိုးတိုးတက်လာခြင်းဖြစ်သည်။ မောရှေ၏အဆိုအရ၊ ပဋိညာဉ်၏ စီရင်ချက်များနှင့်ကောင်းချီးမင်္ဂလာများသည် ထာဝရသံသရာတွင် ဆက်လက်တည်ရှိနေမည်မဟုတ်၊ မည်သည့်နေရာ သို့မဟုတ် မည်သည့်ပန်းတိုင်သို့မျှမသွားပါ။ ဆန့်ကျင်ဘက်အနေနှင့်၊ မောရှေသည် အနာဂတ်တွင် တိကျသောအဆုံးသတ် သို့မဟုတ် *နောက်ဆုံးသောအချိန်* တစ်ခုကိုမြင်ခဲ့သည်။ မောရှေသည် ပဋိညာဉ်အသက်တာအတွက် အဆုံးစွန်တစ်ခု သို့မဟုတ် *နောက်ဆုံးသောအချိန်တစ်ခု* ကို မည်ကဲ့သို့သွန်သင်ခဲ့သည်ကို နားလည်ရန်၊ သူ၏သမိုင်းဆိုင်ရာအမြင်တွင် အချက်သုံးချက်ကို ကျွန်ုပ်တို့ကြည့်ရန် လိုသည်_ ပထမ ကျွန်ခံခြင်း၊ ဒုတိယ နောင်တရခြင်းနှင့် ခွင့်လွှတ်ခြင်း၊ တတိယ ကျွန်ခံခြင်းမှ ပြန်လည်တည်ဆောက်ခြင်းဖြစ်သည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ဦးဆုံးအနေနှင့်၊ ဣသရေလလူမျိုးသည် ဘုရားသခင်နှင့် ပို၍ဝေးကွာသွားသည်နှင့်အမျှ တရားစီရင်မှုများသည်တိုးလာမည်ဟု မောရှေမျှော်လင့်ခဲ့သည်။ ဤတရားစီရင်ချက်တိုးလာခြင်းသည်ကတိတော်ပြည်မှ ဣသရေလတို့အားနှင်ထုတ်ခြင်း၌ အဆုံးစွန်ရောက်မည်ဖြစ်သည်။ ဘုရားသခင်၏လူများသည် စစ်ပွဲတွင် ရှုံးနိမ့်မည်ဖြစ်ပြီး၊ ကတိတော်ပြည်၌ သဘာဝတရား၏သဟဇာတဖြစ်မှုသည် ပျက်စီးယိုယွင်းသည့်သဘာဝတရားအဖြစ်သို့ ပြောင်းလဲသွားမည်ဖြစ်သည်။ ဘုရားသခင်၏လူတို့သည် တိုင်းနိုင်ငံတို့တွင် ကွဲပြားသွားကြပြီး၊ ကတိတော်ပြည်သည် ပြိုပျက်သွားမည်ဖြစ်သည်။ တရားဟောရာ ၄:၂၅-၂၈ တွင် မောရှေ မိန့်ဆိုပုံကိုနားထောင်ပါ_

> သင်တို့သည် သားမြေးတို့ကို ဘွားမြင်၍၊ ထိုပြည်၌ကြာမြင့်စွာ နေပြီးမှ၊ တဖန်ဖောက်ပြန်သဖြင့်၊ သဏ္ဍာန်တစုံတခုရှိသောရုပ်တုကို လုပ်၍၊ သင်တို့၏ဘုရားသခင် ထာဝရဘုရားအမျက်တော်ကို နှိုးဆော်ခြင်းငှာ ရှေ့တော်၌ ဒုစရိုက်ကိုပြုလျှင်၊ ကောင်းကင်မြေကြီးကို သင်တို့တဘက်၌ ယနေ့ ငါတိုင်တည်သည်ကား၊ သင်တို့သည် ယော်ဒန်မြစ်ကိုကူး၍ ဝင်စားသောပြည်၌၊ မကြာမမြင့်မှီ ဆက်ဆက် ပျောက်ပျက်ရကြလိမ့်မည်။ ထိုပြည်၌ တာရှည်စွာ အသက်မရှင်ရ။ ရှင်းရှင်းပျက်စီးခြင်းသို့ ရောက်ရ ကြလိမ့်မည်။ ထာဝရဘုရားသည်လည်း၊ သင်တို့ကို တပါးအမျိုးသားတို့တွင် အရပ်ရပ်ကွဲပြားစေ၍၊ နှင်ထုတ်တော်မူသော သာသနာပလူတို့တွင် သင်တို့သည် နည်းနည်းကျန်ကြွင်းရကြလိမ့်မည်။ ထိုအရပ်တို့၌၊ လူလက်ဖြင့်လုပ်၍ မမြင်နိုင်၊ မကြားနိုင်၊ မစားနိုင်၊ မနမ်းနိုင်သောသစ်သားဘုရား၊ ကျောက်ဘုရားတို့ကို သင်တို့သည် ဝတ်ပြုရကြလိမ့်မည် (တရားဟောရာ ၄:၂၅-၂၈)။

ဤနေရာတွင် ကြောက်မက်ဖွယ်ကောင်းသော ကျွန်ပြုခြင်းကိုခံရမည့်အကြောင်း၊ ဤကျွန်ခံရခြင်းသည် ကြောက်မက်ဖွယ်ကောင်းသော်လည်း၊ ဣသရေလနှင့် ဘုရားသခင့်ပဋိညာဉ်သမိုင်း၏ အဆုံးမဟုတ်ကြောင်း မောရှေ၏ကြိုတင်ဟောပြောမှုကို ကျွန်ုပ်တို့မြင်ရသည်။ နောင်တရခြင်းနှင့်ခွင့်လွှတ်ခြင်းသည် ကျွန်ခံခြင်း၏အခြေအနေကို ပြောင်းလဲစေနိုင်သည်။ ၄:၂၉ တွင် မောရှေဖော်ပြထားသည်အတိုင်း_

> သို့သော်လည်း၊ ထိုအရပ်တို့၌ သင်တို့၏ဘုရား သခင် ထာဝရဘုရားကို တဖန်ရှာလိုသောအခါ၊ စိတ်နှလုံး အကြွင်းမဲ့ရှာလျှင် တွေ့ရကြလိမ့်မည် (တရားဟောရာ ၄:၂၉)။

ကျွန်ခံရသည်နှင့်တစ်ပြိုင်နက်၊ ဘုရားသခင်၏လူများသည် အသိစိတ်ဝင်လာကာ၊ နောင်တရပြီး ဘုရားသခင်ထံမှ ခွင့်လွှတ်မှုကို ရှာဖွေလာနိုင်သည်။

ဤနောင်တရခြင်းနှင့် ခွင့်လွှတ်ခြင်း၏ရလဒ်ကား အဘယ်နည်း။ တစ်နည်းအားဖြင့်၊ ၎င်းသည် ကျွန်ခံခြင်းမှ ပြန်လည်တည်ဆောက်ခြင်းဖြစ်လိမ့်မည်။ ဘုရားသခင်သည် မိမိလူမျိုးအပေါ် သနားညှာတာပြီး၊ စိတ်ကူးမယဉ်နိုင်သော ပဋိညာဉ်ကောင်းချီးမင်္ဂလာများ အစဉ်အမြဲခံစားနိုင်စေရန် သူတို့အား

တိုင်းပြည်သို့ ပြန်လည်ပို့ဆောင်ပေးမည်ဖြစ်ကြောင်း မောရှေသွန်သင်ခဲ့သည်။ တရားဟောရာ ၄:၃၀-၃၁ တွင် ပဋိညာဉ်ကောင်းချီးမင်္ဂလာ၏ အဆုံးစွန်အကြောင်း မောရှေဖော်ပြပုံကို နားထောင်ပါ_

> သင်တို့သည် နောင်ကာလ၌ ဒုက္ခဆင်းရဲကိုခံရ၍၊ ဤအမှုအလုံးစုံတို့နှင့် တွေ့ကြုံသောအခါ၊ သင်တို့၏ ဘုရားသခင်ထာဝရဘုရားထံတော်သို့ ပြန်လာ၍ စကားတော်ကိုနားထောင်လျှင်၊  သင်တို့၏ဘုရားသခင် ထာဝရဘုရားသည် သနားတတ်သောဘုရား ဖြစ်တော်မူသောကြောင့် သင်တို့ကို စွန့်ပစ် ဖျက်ဆီးတော်မမူ။ သင်တို့ဘိုးဘေးတို့အား ကျိန်ဆိုတော်မူသော ပဋိညာဉ်တရားကို မေ့လျော့တော်မမူ (တရားဟောရာ ၄း၃၀-၃၁)။

၄:၃၀ တွင်၊ မောရှေသည် ဤနောက်ဆုံးပြန်လည်တည်ဆောက်ခြင်းကာလအတွက် နည်းပညာဆိုင်ရာအသုံးအနှုန်းတစ်ခုကို အသုံးပြုခဲ့သည်။ ကျွန်ခံပြီးနောက် ဣသရေလနိုင်ငံပြန်လည်တည်ဆောက်ခြင်းသည် "နောင်ကာလ" တွင်ဖြစ်မည့်အကြောင်း ပြောကြားခဲ့သည်။ ဤအသုံးအနှုန်းနောက်ကွယ်ရှိ ဟေဗြဲစကားမှာ *b'aharit hayyamim* (בְּאַחֲרִית הַיָּמִים) ဖြစ်သည်။ အခြေအနေအများစုတွင် ဤဝေါဟာရမျိုးသည် အကန့်အသတ်မရှိသောအမျိုးအစား၏"အနာဂတ်"ဟုအဓိပ္ပာယ်ရသည်။ သို့သော် တရားဟောရာ ၄:၃၀ တွင် "နောင်ကာလ" သို့မဟုတ် "သမိုင်း၏အဆုံးစွန်"ဟူသော အသုံးအနှုန်းကို နည်းပညာပိုင်းဆိုင်ရာအသုံးပြုမှုအဖြစ် တွေ့ရှိရသည်။ ဤနည်းပညာပိုင်းဆိုင်ရာကို အသုံးပြုမှုကို ဟေရှာယ ၂:၂၊ မိက္ခာ ၄:၁ နှင့် ဟောရှေ ၃:၅ အပါအဝင် အနာဂတ္တိကျမ်းများ၏ နေရာများစွာတွင်တွေ့ရသည်။ ဓမ္မသစ်ကျမ်းတမန်တော် ၂:၁၇၊ ဟေဗြဲ ၁:၂ နှင့် ယာကုပ် ၅:၃ တွင် တူညီသောအသုံးအနှုန်းကို တွေ့ရသည်။ အမှန်တကယ်တွင်၊ ၎င်းသည် ဓမ္မပညာအသုံးအနှုန်းဖြစ်သော "နောက်ဆုံးသောကာလအယူဝါဒ"—နောက်ဆုံးအရာများ သို့မဟုတ် နောက်ဆုံးဖြစ်ရပ်များကိုလေ့လာခြင်း မှရရှိသောအသုံးအနှုန်းဖြစ်သည်။

မောရှေ၏နောက်ဆုံးသောကာလအယူဝါဒကို ဤနည်းဖြင့် အကျဉ်းချုပ်နိုင်သည်။ ဣသရေလလူမျိုးသည် ကြီးလေးသောအပြစ်၌ ကျရောက်မည်ဖြစ်ပြီး တိုင်းပြည်မှနှင်ထုတ်ခြင်းခံရမည်ကို မောရှေသိခဲ့သည်။ သို့ရာတွင် လူတို့သည် တိုင်းပြည်မှ ထွက်သွားပြီးနောက်၊ သူတို့၏အပြစ်များကို နောင်တရသည်နှင့် ဘုရားသခင်၏ခွင့်လွှတ်ခြင်းကို ခံရကြလိမ့်မည်။ ထို့နောက်၊ နောင်ကာလ သို့မဟုတ် *နောက်ဆုံးသောအချိန်* တွင်သူတို့ကို ကတိတော်ပြည်သို့ ပြန်လည်ခေါ်ဆောင်လာကာ သူတို့သည် ကြီးမားသောကောင်းချီးမင်္ဂလာများကို ရရှိကြမည်ဖြစ်သည်။ မောရှေ၏အခြေခံအမြင်သည် ပရောဖက်ပြုချက်ဆိုင်ရာမျှော်လင့်ချက်များ၏ သမိုင်းတစ်ခုလုံးအတွက် နောက်ခံကိုပေးသည်။

မောရှေ၏အလွန်ရိုးရှင်းသော နောက်ဆုံးသောကာလအယူဝါဒ ကိုကြည့်ခြင်းအားဖြင့်၊ အစောပိုင်းဓမ္မဟောင်းပရောဖက်များ၏ နောက်ဆုံးသောကာလအယူဝါဒကို ယခုကျွန်ုပ်တို့ကြည့်ရှုရန် အဆင်သင့်ဖြစ်နေပြီဖြစ်သည်။ ဗာဗုလုန်သို့ကျွန်မခံမီ နောင်ကာလတွင်အဆုံးစွန်သို့ ဦးတည်သွားမည့်သမိုင်းကြောင်းကို ပရောဖက်များသည်မည်ကဲ့သို့ရှုမြင်ခဲ့ကြသနည်း။

# ကြိုတင်ပရောဖက်ပြုချက်ဆိုင်ရာ နောက်ဆုံးသောကာလအယူဝါဒ

ယခုဤသင်ခန်းစာတွင်၊ ကျွန်ုပ်တို့သည် ပရောဖက်ပြုချက်ဆိုင်ရာ ကနဦးမျှော်လင့်ချက်များ အကြောင်းပြောသောအခါ၊ ဒံယေလခေတ်အထိ အမှုတော်ထမ်းခဲ့ကြသော ပရောဖက်များကို သတိရမိပါသည်။ ဒံယေလခေတ်အထိပရောဖက်များသည် မောရှေ၏ကိုယ်ပိုင်အမြင်နှင့်အလွန်တူသော နောက်ဆုံးသောကာလဆိုင်ရာအခြေခံရှုထောင့်ရှိကြသည်။ ကြိုတင်ပရောဖက်ပြုချက်ဆိုင်ရာ နောက်ဆုံးသောကာလအယူဝါဒ၏ ရှုထောင့်နှစ်ခုကို ကျွန်ုပ်တို့ကြည့်ပါမည်။ ပထမ မောရှေနှင့်ဆင်တူသည်၊ ဒုတိယ မောရှေအားထပ်မံဖြည့်စွက်ခြင်း ဖြစ်သည်။ ကြိုတင်ပရောဖက်ပြုချက်ဆိုင်ရာ နောက်ဆုံးသောကာလအယူဝါဒတွင် မောရှေတည်ဆောက်ခဲ့သော အခြေခံပုံစံများနှင့် ဆင်တူမှုများကို ဦးစွာကြည့်ကြပါစို့။

## မောရှေနှင့်ဆင်တူမှုများ

မောရှေသည်ကျွန်ခံခြင်းကိုဖြစ်စေသည့်တစ်မျိုးသားလုံးဆိုင်ရာတရားစီရင်မှုပြီးနောက် နောင်တရခြင်းဖြင့်ကြီးစွာသော ပြန်လည်တည်ဆောက်ခြင်းကို ဖြစ်ပေါ်စေသည့်ပုံစံကိုတင်ပြခဲ့သည်။ ဓမ္မဟောင်းပရောဖက်များသည် ၎င်းတို့၏အချိန်များစွာကို ကျွန်ခံခြင်းနှင့်ပတ်သက်၍သတိပေးခြင်းတွင် အသုံးပြုခဲ့ကြသည်။ တဖန် မောရှေမှစ၍၊ ဒံယေလမတိုင်မီတိုင် ပရောဖက်များသည် ကျွန်ခံခြင်း၌ နောင်တရခြင်းနှင့် ခွင့်လွှတ်ခြင်းခံရမည်ဟူသော မျှော်လင့်ချက်ကို မည်သည့်အခါမှ မစွန့်လွှတ်ခဲ့ကြပေ။ အမှန်တကယ်၊ ဘုရားသခင်သည် သူ၏အကြွင်းအကျန်များကို ကျွန်ခံခြင်း၌ခွင့်လွှတ်ခြင်းပေးမည်ဟု ပရောဖက်များက ယုံကြည်ခဲ့ကြသည်။ ဟောရှာယ ၁၀:၂၀ တွင်ဖော်ပြထားသည့်အတိုင်း_

> ထိုအခါမှစ၍၊ ဘေးလွတ်လျက် ကြွင်းသောဣသရေလအမျိုးနှင့်
> ယာကုပ်အမျိုးသားတို့သည်၊ မိမိတို့ကိုညှဉ်းဆဲသောသူ၌
> နောက်တဖန်မကိုးစားဘဲ၊ ဣသရေလအမျိုး၏သန့်ရှင်းသောအရှင်
> ထာဝရဘုရား၌အမှန်ကိုးစားကြလိမ့်မည် (ဟောရှာယ ၁၀:၂၀)။

ယေရမိသည်လည်း ကျွန်ခံရမည့်သူများသည် သစ္စာရှိမှုနှင့် ဘုရားသခင်၏ပညတ်တော်ကို နာခံမည့်စိတ်နှလုံးအသစ်ကို ရရှိမည်ဟုကြေညာသောအခါ အလားတူပြောခဲ့သည်။ ယေရမိ ၃၁:၃၃ တွင် ကျွန်ခံခြင်းနှင့်ပတ်သက်သည့် ဤနုတ်ကပတ်တော်များကို ကျွန်ုပ်တို့ဖတ်ရပါသည်_

> ငါထာဝရ ဘုရားသည် ငါ၏ပညတ်တရားကို သူတို့အတွင်းထဲသို့ သွင်းမည်။
> သူတို့နှလုံးပေါ်မှာ ရေးထားမည်။ ငါသည် သူတို့၏ဘုရားဖြစ်မည်။
> သူတို့သည်လည်း ငါ၏လူဖြစ်ကြလိမ့်မည် (ယေရမိ ၃၁း၃၃)။

အစောပိုင်းပရောဖက်များသည် ကျွန်ခံရသူများ၏ စိတ်နှလုံးများပြောင်းလဲလိမ့်မည်ဟု မျှော်လင့်ခဲ့ကြသည်။

တတိယအချက်မှာ၊ အစောပိုင်းဓမ္မဟောင်းပရောဖက်များကလည်း နောင်တရသောအကြွင်းအကျန်များသည် ဣသရေလပြည်သို့ ကြီးစွာသောပြန်လည်တည်ဆောက်ခြင်းအတွက် ပြန်လည်စုစည်းမည်ဖြစ်ကြောင်း အခိုင်အမာပြောကြားခဲ့သည်။ ဟေရှာယ၏နုတ်ကပတ်တော်များသည် တစ်ဖန်ပြန်၍ ထင်ရှားလာပါသည်။ ဟေရှာယ ၄၄:၂၁-၂၂ တွင်ဖတ်ရသည့် နုတ်ကပတ်တော်များမှာ_

> အိုယာကုပ်အမျိုး၊ ဤအရာတို့ကိုဆင်ခြင်လော့။ အိုဣသရေလအမျိုး၊ သင်သည် ငါ့ကျွန်ဖြစ်၏။ သင့်ကိုငါဖန်ဆင်းသည်ဖြစ်၍၊ သင်သည်ငါ့ကျွန်ဖြစ်၏။ အိုဣသရေလအမျိုး၊ သင့်ကိုငါမမေ့မလျော့။ သင်၏ဒုစရိုက်တို့ကို တိမ်တိုက်ကဲ့သို့၄င်း၊ သင်၏အပြစ်တို့ကို တိမ်လွှာကဲ့သို့၄င်း ငါချေပြီ။ ငါ့ထံသို့ ပြန်လာလော့။ သင့်ကိုငါရွေးနှုတ်ပြီ (ဟေရှာယ ၄၄:၂၁-၂၂)။

အစောပိုင်းပရောဖက်များသည် မောရှေ၏အခြေခံနောက်ဆုံးသောကာလအယူဝါဒသည် မှန်ကန်ကြောင်း ရှင်းလင်းစွာဖော်ပြခဲ့ကြသည်။ ဣသရေလသည် ကျွန်ခံရမည်ဖြစ်ပြီး၊ နောင်တရခြင်း နှင့် ခွင့်လွှတ်ခြင်းသည် တိုင်းပြည်အားပြန်လည်တည်ဆောက်ခြင်းဆီသို့ ဦးတည်သွားစေမည်ဖြစ်သည်။ သို့သော် အစောပိုင်းပရောဖက်များသည် မောရှေ၏ဤအခြေခံပုံစံတွင် အထူးအင်္ဂါရပ်အချို့ကိုလည်း ထည့်သွင်းခဲ့ကြသည်။

## မောရှေအားထပ်မံဖြည့်စွက်ခြင်း

ရိုးရှင်းစွာပြောရလျှင်၊ မောရှေနှင့် အစောပိုင်းပရောဖက်များကြားတွင် ကြီးမားသောပဋိညာဉ်ဖြစ်ရပ်တစ်ခု ဖြစ်ပွားခဲ့ပြီး၊ ဤပဋိညာဉ်သည် ဒါဝိဒ်နှင့်ပြုလုပ်ခဲ့သော တော်ဝင်ပဋိညာဉ်ဖြစ်သည်။ ရလဒ်အနေနှင့်၊ အစောပိုင်းပရောဖက်များသည် မောရှေ၏ နောက်ဆုံးသောကာလအယူဝါဒ သို့မဟုတ် နောက်ဆုံးကာလပုံစံတွင် အဓိကထပ်မံဖြည့်စွက်ချက်သုံးခုကို ပြုလုပ်ခဲ့ကြသည်။ ပထမ သူတို့သည် ဘုရင်ဖြစ်ခြင်း၌လည်းကောင်း၊ ဒုတိယ ဗိမာန်တော်၌လည်းကောင်း၊ တတိယ တစ်ပါးအမျိုးသားအပေါ်၌လည်း ကောင်းအာရုံစိုက်ကြသည်။ အစောပိုင်းပရောဖက်များသည် ဘုရင်ဖြစ်ခြင်းနှင့်ပတ်သက်၍ မိမိတို့ကိုယ်ကို အလေးထားပုံအကြောင်း ဦးစွာကြည့်ကြပါစို့။

### ဘုရင်ဖြစ်ခြင်း

တစ်ဖက်တွင် မောရှေနှင့်မတူဘဲ၊ အစောပိုင်းပရောဖက်များက လူမျိုးသည် ရှုံးနိမ့်ခြင်းနှင့် သဘာဝဘေးအန္တရာယ်များကို ခံရမည်ဟု မဆိုကြပေ။ ဤပရောဖက်များ၏အဆိုအရ၊ ဒါဝိဒ်၏ရာဇပလ္လင်သည် ဘုရားသခင့်လူမျိုး၏အသက်တာ၏ဗဟိုချက်ဖြစ်လာသောကြောင့်၊ ဘုရားသခင်၏တရားစီရင်ခြင်းတွင် ဒါဝိဒ်၏ရာဇပလ္လင်ကို စွန့်ပယ်ခြင်းလည်း ပါဝင်မည်ဖြစ်သည်။ ဥပမာ၊ ဟေရှာယ ၃၉:၅-၇



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

တွင် ဟေရှာယသည် ဟေဇကိမင်းကြီးကိုဆုံးမသောအခါ ဒါဝိဒ်၏ရာဇပလ္လင်ကို တရားစီရင်ခြင်း အကြောင်း ကျွန်ုပ်တို့ဖတ်ရသည်။

> ထိုအခါ ဟေရှာယက၊ ကောင်းကင်ဗိုလ်ခြေ အရှင်ထာဝရဘုရား၏ နှုတ်ကပတ်တော်ကို နားထောင်လော့။ နန်းတော်၌ရှိသမျှကိုင်၎င်း၊ ယနေ့တိုင်အောင် ဘိုးဘေးတို့သည် ဆည်းဖူးသမျှကို၎င်း၊ ဗာဗုလုန်မြို့သို့ ယူသွားရသောကာလသည် ရောက်လိမ့်မည်... တစုံတခုမျှမကျန်ကြွင်းရဟု ထာဝရဘုရားမိန့်တော်မူ၏။ သင်နှင့်နွယ်၍ရသော သင်၏ သားမြေးတို့ကိုလည်း ယူသွား၍၊ သူတို့သည် ဗာဗုလုန်ရှင်ဘုရင်၏ နန်းတော်၌၊ လူပျိုတော်လုပ်ရကြ လိမ့်မည်ဟု ဟေဇကိမင်းအား ပြောဆိုလေ၏ (ဟေရှာယ ၃၉:၅-၇)။

ဒါဝိဒ်၏ရာဇပလ္လင်ကိုစွန့်ပယ်ခြင်းသည် ဘုရားသခင့်လူမျိုး၏သမိုင်းကို အဆုံးစွန်ရောက်စေ သည့် ကျွန်ခံခြင်း၏အစိတ်အပိုင်းတစ်ခုဖြစ်သည်။

ဒါဝိဒ်၏ရာဇပလ္လင်ကိုတရားစီရင်ရာတွင် ကြေကွဲဖွယ်ဖြစ်ရပ်များရှိလင့်ကစား ဘုရားသခင်သည် ဒါဝိဒ်၏ရာဇပလ္လင်နှင့် မပြီးစီးကြောင်းကိုလည်း ပရောဖက်များက အာမခံခဲ့ကြသည်။ ယင်းအစား၊ ကျွန်ခံပြီးနောက် ဣသရေလလူမျိုး၏ပြန်လည်တည်ဆောက်ခြင်းတွင် ဒါဝိဒ်၏ရာဇပလ္လင်ကို ကြီးမြတ် သောဘုန်းအသရေအဖြစ် ပြန်လည်တည်ဆောက်ခြင်းပါဝင်မည်ဟု ပရောဖက်များက ကြိုတင်ဟော ပြောခဲ့ကြသည်။ ယေရမိ ၂၃:၅-၆ တွင် ဒါဝိဒ်၏ရာဇပလ္လင်ပြန်လည်တည်ထောင်ခြင်းအကြောင်း ယေရမိ ၏ဖော်ပြပုံကို နားထောင်ပါ_

> ထာဝရဘုရား မိန့်တော်မူသည်ကား၊ သန့်ရှင်းသောအညွန့်ကို ဒါဝိဒ်အဘို့ ငါပေါက်စေသည်အတိုင်း၊ ဉာဏ်ကောင်းသောရှင်ဘုရင်တဦးသည် စိုးစံ၍၊ မြေကြီးပေါ်မှာ တရားသဖြင့် ဖြောင့်မတ်စွာစီရင်ရာကာလသည် ရောက်လိမ့်မည်။ ထိုမင်းလက်ထက်၌ ယုဒပြည်သည် ကယ်တင်ခြင်းသို့ ရောက်၍၊ ဣသရေလပြည်လည်း ငြိမ်ဝပ်စွာ နေရလိမ့်မည်။ ထိုမင်းသည် ယေဟောဝါဇေဒကနုဟူသော ဘွဲ့နာမရှိလိမ့်သတည်း (ယေရမိ ၂၃း၅-၆)။

ဒါဝိဒ်၏ဖြောင့်မတ်သောသားတော်တစ်ဦးဆိုင်ရာ ကတိတော်သည် ပြန်လည်တည်ဆောက်ခြင်း ၏နောက်ပိုင်းနေ့ရက်များတွင် မရှိမဖြစ်လိုအပ်သောအရာတစ်ခု ဖြစ်လာခဲ့သည်။

အစောပိုင်းပရောဖက်များသည် ဒါဝိဒ်၏ရာဇပလ္လင်နှင့်ပတ်သက်ပြီး သူတို့ကိုယ်သူတို့ အလေး ထားခဲ့ကြသည်သာမက၊ ဒါဝိဒ်၏သားတော် ရှောလမုန်တည်ဆောက်ခဲ့သော ဗိမာန်တော်ကိုလည်း အာရုံ စိုက်ခဲ့ကြသည်။

## ဗိမာန်တော်

ယေရုရှလင်မြို့ရှိ ဘုရားသခင်၏ဗိမာန်တော်သည် ဖျက်ဆီး၍မရဟု ဣသရေလများသည် မှားယွင်းစွာယုံကြည်ခဲ့ကြသည်။ ပရောဖက်များသည် ယေရုရှလင်မြို့ရှိ ဘုရားသခင်၏ဗိမာန်တော်သည် ဖျက်ဆီးခံရမည့်အကြောင်းကို ရဲရင့်စွာပြောဆိုရပေမည်။ ဥပမာ၊ ဗိမာန်တော်သည် မည်သည့်အခါမှ ဖျက်ဆီးခံရမည်မဟုတ်ဟု အခိုင်အမာပြောခဲ့သည့် ပရောဖက်အတုအယောင်များနှင့် ယဇ်ပုရောဟိတ်များကို ယေရမိသည်ပြင်းထန်စွာပြောဆိုခဲ့သည်။ ယေရမိ ၇ တွင်၊ ပရောဖက်က ဤမှားယွင်းသော သွန်သင်ချက်ကို မယုံကြည်ရန်လူများကို သတိပေးခဲ့သည်။ အခန်းငယ် ၄ တွင်၊ ဤနှုတ်ကပတ်တော်များကို ကျွန်ုပ်တို့ဖတ်ရသည်_

> ဤသည်ကား၊ ထာဝရဘုရား၏ဗိမာန်တော်၊ ထာဝရဘုရား၏ဗိမာန်တော်၊ ထာဝရဘုရား၏ဗိမာန်တော်ဖြစ်သတည်းဟု မုသာစကားကိုပြောသောသူတို့၌ မမှီဝဲကြနှင့် (ယေရမိ ၇:၄)။

ဘုရားသခင်၏ဗိမာန်တော် ကျွန်ခံချိန်တွင်ဖျက်ဆီးခံရမည်ဟု ယေဟောဝါ၏စစ်မှန်သော ပရောဖက်များက တစ်ညီတစ်ညွတ်တည်း ကြေညာခဲ့ကြသည်။

သို့သော် ကျွန်ခံပြီးနောက် ပြန်လည်တည်ဆောက်ခြင်းကာလတွင် ဘုန်းကြီးသောဗိမာန်တော်ကို ပြန်လည်တည်ဆောက်မည်ဖြစ်ကြောင်း ပရောဖက်များကတိပြုခဲ့ကြသည်။ ပြန်လည်တည်ဆောက်ခြင်းကာလတွင် ဤဘုန်းကြီးသောဗိမာန်တော်ကို ပြန်လည်တည်ဆောက်ခြင်းနှင့်ပတ်သက်၍ အခြားပရောဖက်များထက် ယေဇကျေလသည် ပို၍အာရုံစိုက်ခဲ့သည်။ သူ၏ကျမ်းအခန်း ၄၀-၄၈ မှာ ဤအကြောင်းအရာကို အာရုံစိုက်ထားပါသည်။ ဘုရားသခင်သည် ယေဇကျေလအား ပြန်လည်တည်ဆောက်ခြင်း ဗိမာန်တော်၏အထူးပုံရိပ်တစ်ခုကိုပေးခဲ့ပြီး ၎င်းကိုတည်ဆောက်ရန် လူများအားအမိန့်ပေးခဲ့သည်။ ယေဇကျေလ ၄၃:၁၀-၁၁ တွင် ယေဇကျေလအားမိန့်တော်မူသော ဘုရားသခင်၏နှုတ်ကပတ်တော်ကို နားထောင်ပါ_

> အချင်းလူသား၊ ဣသရေလအမျိုးသားတို့သည် ကိုယ်ဒုစရိုက်အပြစ်ကြောင့် ရှက်ကြောက်စေခြင်းငှါ အိမ်တော်ကိုပြလော့။ အိမ်တော်ပုံကို သူတို့တိုင်းကြစေလော့။ သူတို့သည် ကိုယ်ပြုမိသောအမှုများကြောင့် အမှန်ရှက်ကြောက်လျှင်၊ အိမ်ပုံသဏ္ဌာန်နှင့်...သူတို့သည် ထုံးစံများနှင့် စီရင်ထုံးဖွဲ့ချက်အလုံးစုံတို့ကို ကျင့်စောင့်စေခြင်းငှါ သူတို့ရှေ့မှာရေးထားလော့ (ယေဇကျေလ ၄၃:၁၀-၁၁)။

အစောပိုင်းပရောဖက်များသည် ဒါဝိဒ်၏ရာဇပလ္လင်နှင့် ဗိမာန်တော်အတွက် အလေးထားမှုကို ထပ်လောင်းပြောကြားခဲ့သည်။ သို့ရာတွင်၊ မောရှေအနေဖြင့်ရှင်းလင်းစွာ မပြောဆိုခဲ့သော တတိယ အကြောင်းအရာကိုလည်း သူတို့သည် ထပ်လောင်းပြောကြားခဲ့သည်—တစ်ပါးအမျိုးသားများနှင့် သက်ဆိုင်၍ သူတို့အလေးထားကြသည်။

## တစ်ပါးအမျိုးသားများ

ဦးဆုံးအနေနှင့်၊ ဣသရေလလူမျိုး၏ကျွန်ခံရခြင်းသည် ဘုရားသခင်၏လူမျိုးအပေါ်တွင် တစ်ပါးအမျိုးသားအချို့အတွက် အောင်ပွဲဖြစ်စေမည်ဟု ပရောဖက်များသည် အလွန်ရှင်းလင်းစွာ သိမြင်ခဲ့ကြသည်။ ကျွန်ုပ်တို့သိသည့်အတိုင်း၊ အာရှုရိနှင့် ဗာဗုလုန်လူမျိုးများသည် ဣသရေလလူမျိုးကို သိမ်းပိုက်ပြီး ဘုရားသခင်၏လူများကို ပြင်းထန်စွာနှိပ်စက်မည်ဟု သူတို့ကြိုတင်ဟောပြောခဲ့သည်။

တစ်ပါးအမျိုးသားများသည် ဣသရေလတို့ကျွန်ခံစဉ်အတွင်း အောင်ပွဲရခဲ့သော်လည်း ဤတစ်ပါးအမျိုးသား၏ သြဇာအာဏာသည် ထာဝရတည်မြဲမည်မဟုတ်ကြောင်း အစောပိုင်းပရောဖက်များက ထုတ်ဖော်ပြောဆိုခဲ့သည်။ ကျွန်ခံခြင်းမှ ပြန်လည်တည်ဆောက်ခြင်းတွင်၊ ဘုရားသခင်သည် ဒါဝိဒ်၏ ပြန်လည်တည်ဆောက်ထားသောရာဇပလ္လင်မှတစ်ဆင့် မိမိလူမျိုးကိုညှဉ်းပန်းနှိပ်စက်သည့် တစ်ပါးအမျိုးသားများကို ဒဏ်ခတ်တော်မူမည်ဖြစ်သည်။ ဘုရားသခင်သည် တစ်ပါးအမျိုးသားများကိုအနိုင်ယူကာ တစ်ပါးအမျိုးသားများနှင့်စစ်တိုက်ရာတွင် ဣသရေလလူမျိုးကို ကြီးစွာသောအောင်ပွဲပေးမည်ဖြစ်သည်။ ဤအကြောင်းအရာသည် ပရောဖက်ကျမ်းများတစ်လျှောက်တွင် ပုံစံအမျိုးမျိုးဖြင့် တွေ့ရသော်လည်း၊ အထင်ရှားဆုံးတစ်ခုမှာ နည်းပညာဆိုင်ရာအသုံးအနှုန်း“ထာဝရဘုရား၏နေ့ရက်”ဟေဗြဲဘာသာတွင် *yom Yahweh* (יוֹם יְהוָה) ဖြစ်သည်။ ဤစကားစု၏နောက်ကွယ်ရှိအခြေခံအယူအဆမှာ ယေဟောဝါသည် မိမိ၏ရန်သူအားလုံးကို တစ်ရက်တည်းတွင် ဖျက်ဆီးပစ်နိုင်သည်၊ ထိုအကြောင်းကြောင့် အောင်ပွဲခံစစ်သည်များက စစ်တိုက်ရာတွင်“ငါတို့၏နေ့ဖြစ်သည်” ဟု ယနေ့လည်းပြောသကဲ့သို့ “ထာဝရဘုရား၏နေ့ရက်”သည် ကိုယ်တော်နှင့်စပ်ဆိုင်ပါသည်။

ဣသရေလ၏ကျွန်ခံရမှုနှင့် ဣသရေလ၏ပြန်လည်တည်ဆောက်ခြင်းတို့ကြား ခြားနားချက်ကို သတ်မှတ်ရာတွင် ဤအသုံးအနှုန်းသည် အထူးအားကောင်းသည်။ ဤအရာကိုမြင်ရန် အကောင်းဆုံးနည်းလမ်းမှာ “ထာဝရဘုရား၏နေ့ရက်” ဟူသောအသုံးအနှုန်းကို ပရောဖက်ယောလအသုံးပြုပုံကို ကြည့်ရှုရန်ဖြစ်သည်။ ယင်းအသုံးအနှုန်းကို ယောလ ၁:၁၅၊ ၂:၁၊ ၂:၁၁၊ ၂:၃၁ နှင့် ၃:၁၄ တို့တွင် တွေ့ရသည်။ “ထာဝရဘုရား၏နေ့ရက်”ဟူသည့် ပထမသုံးပိုဒ်သည် ယုဒပြည်ကိုဘုရားသခင်အနိုင်ယူခြင်းကို ရည်ညွှန်းသည်။ ပဋိညာဉ်၏လူများသည် ၎င်းတို့၏အပြစ်များကြောင့် ဘုရားသခင်၏ရန်သူများဖြစ်ကြပြီး၊ “ထာဝရဘုရား၏နေ့ရက်”သည် သူတို့ကိုဖျက်ဆီးပြီး ကျွန်ခံစေမည့်အချိန်ဖြစ်သည်။

သို့သော် ယောလသည်သူ၏ကျမ်း ဒုတိယပိုင်းတွင် ဤဝေါဟာရအသုံးအနှုန်းကို ပြောင်းလဲခဲ့သည်။ အခြားဖြစ်ရပ်တစ်ခုကို “ထာဝရဘုရား၏နေ့ရက်”အဖြစ်ဖော်ပြခဲ့သည်။ ဤ“ထာဝရဘုရား၏နေ့ရက်”သည် ဣသရေလလူမျိုးကျွန်ခံရခြင်းမှ ပြန်လည်လွတ်မြောက်လာသောအခါတွင် ဖြစ်ပေါ်မည်ဖြစ်သည်။ ဘုရားသခင်၏လူတို့အား ညှဉ်းဆဲသောလူမျိုးကို ဘုရားသခင်သည် အနိုင်ယူလိမ့်မည်။ ဥပမာ ယောလ ၂:၃၁-၃၂ တွင်၊ ဤနှုတ်ကပတ်တော်များကို ကျွန်ုပ်တို့ဖတ်ရသည်-

> ထာဝရဘုရား၏ ကြောက်မက်ဘွယ်သော နေ့ကြီးမတိုင်မှီ၊
> နေသည်မှောင်မိုက်အတိ ဖြစ်လိမ့်မည်။လသည်လည်း သွေးဖြစ်လိမ့်မည်။
> ထိုအခါထာဝရဘုရားကို ပဌနာပြုသောသူရှိသမျှတို့သည်
> ကယ်တင်တော်မူခြင်းသို့ ရောက်ရကြ လတံ့။ အကြောင်းမူကား၊



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

> ထာဝရဘုရားမိန့်တော်မူသည်အတိုင်း ဇိအုနတောင်၊ ယေရုရှလင်မြို့၌၊
> ထာဝရဘုရားခေါ်တော်မူသောသူ အကျန်အကြွင်းတို့အဘို့ ကယ်တင်
> ခြင်းအခွင့်ရှိရလတံ့ (ယောလ ၂း၃၁-၃၂)။

ထို့ကြောင့် ယောလအတွက် "ထာဝရဘုရား၏နေ့ရက်"သည် ဘုရားသခင်၏လူမျိုးတော်အား တရားစီရင်ခြင်းကို ရည်ညွှန်းရုံသာမက၊ ဘုရားသခင်၏လူတို့ တိုင်းပြည်သို့ ပြန်လည်ရောက်ရှိသွားသော အခါတွင် ဖြစ်ပွားမည့် ကြီးစွာသောတိုက်ပွဲကိုလည်း ရည်ညွှန်းသည်ကို မြင်ရသည်။

ဣသရေလ၏နောက်ဆုံးသောကာလအယူဝါဒတွင် တစ်ပါးအမျိုးသားများ၏အကြောင်းအရာကို အဆုံးမသတ်မီ၊ နောက်ဆုံးအချက်တစ်ချက်ကို ကျွန်ုပ်တို့ဖော်ပြသင့်သည်—တစ်ပါးအမျိုးသားများ ပေါင်းစည်းခြင်းအားဖြင့် ဣသရေလပြည်ကို ချဲ့ထွင်ခြင်းဖြစ်သည်။ ဣသရေလလူမျိုးများ ပြန်လည် တည်ဆောက်ချိန်တွင် "ထာဝရဘုရား၏နေ့ရက်"သည် တစ်ပါးအမျိုးသားအပေါ် ကျရောက်သောအခါ၊ တစ်ပါးအမျိုးသားအားလုံး ဖျက်ဆီးခံရမည်မဟုတ်ပါ။ ဆန့်ကျင်ဘက်အနေဖြင့်၊ တိုက်ပွဲပြီးနောက်၊ မြောက်များစွာသောတစ်ပါးအမျိုးသားတို့သည် ဘုရားသခင်၏လူများထံလာပြီး စစ်မှန်၍အသက်ရှင် တော်မူသော ဘုရားသခင်ကို ဝတ်ပြုကိုးကွယ်ခြင်းတွင် ပါဝင်ကြလိမ့်မည်။ ဟေရှာယ ၂:၂-၃ တွင် ပရောဖက် ဟေရှာယဆိုထားသည်မှာ_

> နောက်ဆုံးသောကာလ၌ ထာဝရဘုရား၏အိမ်တော်တည်သောတောင်သည်
> တောင်ကြီးတောင်ငယ် တို့၏ထိပ်ပေါ်မှာချီးမြှောက်၍ တည်လိမ့်မည်။
> ခပ်သိမ်းသောလူမျိုးတို့သည် ထိုတောင်သို့ စည်းဝေးကြလိမ့်မည်။
> များပြားသောသူတို့ကလည်း၊ လာကြလော့။ ထာဝရဘုရား၏တောင်တော်၊
> ယာကုပ်အမျိုး၏ ဘုရား သခင့်အိမ်တော်သို့ တက်သွားကြကုန်အံ့။
> လမ်းခရီးတော် တို့ကို ပြသသွန်သင်တော်မူ၍၊ ငါတို့သည် ခြေတော်ရာသို့
> လိုက်သွားကြမည်ဟု ခရီးသွားလျက် ပြောဆိုကြလိမ့်မည် (ဟေရှာယ ၂း၂-၃)။

ဤကျမ်းပိုဒ်နှင့် အခြားကျမ်းပိုဒ်အများအပြားသည် ဓမ္မဟောင်းကျမ်းတွင်တွေ့ရသော ကြိုတင် ပရောဖက်ပြုချက်၏ နောက်ဆုံးသောကာလဆိုင်ရာမျှော်လင့်ချက်များ၏အဆုံးစွန်ကို ညွှန်ပြသည်။ ဘုရားသခင်၏ကောင်းချီးမင်္ဂလာများသည် ဣသရေလလူမျိုးအပေါ် သွန်းလောင်းလိမ့်မည်၊ သို့သော် ဤကောင်းချီးမင်္ဂလာများတွင် စစ်မှန်သောယုံကြည်ခြင်းသို့ မရေမတွက်နိုင်သောတစ်ပါးအမျိုးသား များအား ထည့်သွင်းခြင်းပါဝင်သည် သို့မှသာ ဘုရား၏ပဋိညာဉ်တရားသည် ကမ္ဘာတစ်ဝှမ်းလုံးကို လွှမ်းခြုံနိုင်မည်ဖြစ်သည်။ ဤကြီးကျယ်ခမ်းနားသော ကောင်းကင်သစ်နှင့် မြေကြီးသစ်သည် ဘုရား သခင်ကို သိသောအသိပညာနှင့် ပြည့်စုံသောကမ္ဘာဖြစ်လိမ့်မည်။ ငြိမ်သက်ခြင်းသည် မြေကြီးပေါ်သို့ ရောက်လာကာ၊ ကျန်ရှိနေသော လူမျိုးအားလုံးသည် စစ်မှန်၍သက်ရှင်တော်မူသော ဘုရားသခင်ကို ကိုးကွယ်ကြလိမ့်မည်။

ထို့ကြောင့် အစောပိုင်းပရောဖက်များသည် မောရှေချမှတ်ခဲ့သည့် အခြေခံပုံစံအတိုင်း လိုက်နာ ကြသည်ကိုတွေ့မြင်ရသည်။ ကျွန်ခံရသော်လည်း၊ နောင်တရခြင်းနှင့် ခွင့်လွှတ်ခြင်းသည် *နောက်ဆုံး*



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

*သောအချိန်* သို့မဟုတ် ကြီးစွာသောပြန်လည်တည်ဆောက်ခြင်းသို့ ဦးတည်စေမည့်အကြောင်းကို သူတို့ ယုံကြည်ကြသည်။ ယခု၊ ဤအခြေခံပုံစံတွင် ပရောဖက်များသည် အရေးကြီးသောအကြောင်းအရာများ စွာကို ထည့်သွင်းခဲ့သည်_ပထမ ဒါဝိဒ်၏ရာဇပလ္လင်၏ဗဟိုချက်၊ ဒုတိယ ဗိမာန်တော်၏အရေးကြီးမှု၊ တတိယ ဣသရေလ၏ကျွန်ခံခြင်းတွင်သာမက ဘုရားသခင့်လူမျိုးတော်၏ ကြီးစွာသောပြန်လည်တည် ဆောက်ခြင်းတွင် တစ်ပါးအမျိုးသားများ၏ အထူးအခန်းကဏ္ဍတို့ဖြစ်သည်။

မောရှေ၏ နောက်ဆုံးသောကာလအယူဝါဒ ၏အခြေခံအုတ်မြစ်နှင့် ကြိုတင်ပရောဖက်ပြုချက် ဆိုင်ရာနောက်ဆုံးသောကာလအယူဝါဒ၏တူညီမှုများနှင့် ပြုပြင်မွမ်းမံမှုများကို ကျွန်ုပ်တို့တွေ့မြင်ခဲ့ရ သည်။ ယခု ကျွန်ုပ်တို့သည် နောက်ပိုင်းပရောဖက်ပြုချက်ဆိုင်ရာ နောက်ဆုံးသောကာလအယူဝါဒ၏ တိုးတက်မှုများကိုရှာဖွေရန် အနေအထားတွင် ရှိနေပါသည်။

# နောက်ပိုင်းပရောဖက်ပြုချက်ဆိုင်ရာနောက်ဆုံးသော ကာလအယူဝါဒ

အခြားသင်ခန်းစာများတွင်၊ သမိုင်းဆိုင်ရာအခြေအနေများကို ကြားဝင်ဆောင်ရွက်ခြင်းသည် ဘုရားသခင်က ပရောဖက်များ၏ကြိုတင်ဟောပြောမှုများကို ပြည့်စုံစေသည့်နည်းလမ်းများအပေါ် သိသာထင်ရှားသောအကျိုးသက်ရောက်မှုရှိသည်ကို ကျွန်ုပ်တို့တွေ့မြင်ခဲ့ရပါသည်။ ကဏ္ဍများစွာတွင်၊ နောက်ပိုင်းပရောဖက်များ၌ ဓမ္မဟောင်း၏အကြီးမားဆုံးသော ကြားဝင်ဆောင်ရွက်သည့် သမိုင်းဆိုင်ရာ အခြေအနေများထဲမှ တစ်ခုကို ကျွန်ုပ်တို့ တွေ့ကြုံလာရသည်။ ဘုရားသခင့်လူမျိုး၏တုံ့ပြန်မှုများသည် နောင်ကာလ သို့မဟုတ် *နောက်ဆုံးသောအချိန်* အား ဖော်ထုတ်မည့်နည်းလမ်းများအပေါ် ကြီးမားသော အကျိုးသက်ရောက်မှုရှိသည်ကို ကျွန်ုပ်တို့တွေ့ရှိမည်ဖြစ်သည်။

ဤကိစ္စကိုလေ့လာရာ၌ အကြောင်းအရာသုံးခုကို ကျွန်ုပ်တို့ဆွေးနွေးပါမည်။ ပထမ ယေရမိ၏ မျှော်လင့်ချက်၊ ဒုတိယ ဒံယေလ၏ထိုးထွင်းသိမြင်မှု၊ နောက်ဆုံးအနေဖြင့် ဓမ္မဟောင်းပရောဖက်များ၏ နောက်ဆုံးရှုမြင်ချက်များ ဖြစ်သည်။ ဦးစွာ၊ ဣသရေလလူမျိုး၏ ပြန်လည်တည်ဆောက်ခြင်းနှင့်ပတ် သက်ပြီး ယေရမိတင်ပြသည့် အထူးမျှော်လင့်ချက်ကို ကြည့်ကြပါစို့။

## ယေရမိ၏မျှော်လင့်ချက်

ကဏ္ဍအများစုတွင်၊ ယေရမိသည် သမ္မာကျမ်းစာကြိုတင်ပရောဖက်ပြုချက်ပုံစံကို လိုက်နာခဲ့ သည်။ သို့သော် ကျမ်းပိုဒ်နှစ်ပိုဒ်တွင်၊ ယေရမိသည် ယခင်ကမသိသောအရာကို ထည့်သွင်းခဲ့သည်။ ကျွန်ခံ ရမည့်အချိန်သည် အနှစ်ခုနစ်ဆယ်ရှိမည်ဟု ကြိုတင်ဟောပြောခဲ့သည်။ ၂၅:၁၁-၁၂ တွင်ဤနှုတ်ကပတ် တော်များကို တွေ့ရသည်_



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

> ဤပြည်တရှောက်လုံးသည် လူဆိတ်ညံရာ၊ အံ့ဩဘွယ်ရာ ဖြစ်လိမ့်မည်။ ဤလူမျိုးတို့သည် အနှစ်ခုနစ်ဆယ်ပတ်လုံး ဗာဗုလုန်ရှင်ဘုရင်၏အမှုကို ဆောင်ရွက်ရကြလိမ့်မည်။ ထာဝရဘုရားမိန့်တော်မူသည်ကား၊ အနှစ်ခုနစ်ဆယ် စေ့သောအခါ၊ ဗာဗုလုန်ရှင်ဘုရင်နှင့် သူ၏နိုင်ငံတည်းဟူသော ခါလဒဲတိုင်းနိုင်ငံ၏ အပြစ်ကြောင့်၊ ငါသည် သူတို့ကိုဒဏ်ပေး၍ (ယေရမိ ၂၅:၁၁-၁၂)။

အလားတူ ယေရမိ ၂၉:၁၀-၁၁ တွင် ဤသို့ဆိုသည်_

> ဗာဗုလုန်မြို့၌အနှစ်ခုနစ်ဆယ်စေ့သောအခါ၊ သင်တို့ကိုငါအကြည့်အရှုကြွလာမည်။ ငါထားသော ဂတိကောင်းကိုတည်စေ၍၊ သင်တို့ကို ဤပြည်သို့ငါပို့ဆောင်ဦးမည်။... တဖန်မိန့်တော်မူသည်ကား၊ ငါသည် သင်တို့ကိုအကျိုးနည်းစေခြင်းငှာ ကြံစည်သော အကြံမဟုတ်ဘဲ၊ သင်တို့သည်မြော်လင့်သော အကျိုးကိုရမည်အကြောင်း (ယေရမိ ၂၉:၁၀-၁၁)။

အနှစ်ခုနစ်ဆယ်ကျွန်ခံရမည်ဟု ယေရမိကြိုတင်ဟောပြောခဲ့သည်ကို ကျွန်ုပ်တို့မြင်ရသည်။

အမှန်တကယ်တွင်၊ ၂ ရာဇဝင်ချုပ် ၃၆:၂၁-၂၂ အရ၊ ဘီစီ ၅၃၉ တွင် ဇေရုဗဗေလ၏ဦးဆောင်မှုအောက်၌ပထမဆုံးပြန်လာသူများ ပြည်တော်သို့ပြန်လာသောအခါ ဤပရောဖက်ပြုချက်သည် ပြည့်စုံခဲ့သည်။ ဇာခရိ ၁:၁၂ နှင့် ၇:၅ တွင် ဤနေ့ရက်ကိုဇာခရိလည်း အတည်ပြုခဲ့သည်။ ထို့ကြောင့် ကျွန်ခံရမည့်အချိန်သည် အနှစ်ခုနစ်ဆယ်ကြာလိမ့်မည်ဟု ယေရမိကြိုတင်ဟောပြောပြီး၊ တစ်ချို့ကဏ္ဍများမှာ ထိုကဲ့သို့ပင်ဖြစ်ပျက်ခဲ့သည်ကို တွေ့မြင်ရပါသည်။ ၅၃၉ ခုနှစ်တွင်၊ ပါရှန်ဧကရာဇ် ကုရုသည် ဣသရေလလူတို့အား တိုင်းပြည်သို့ပြန်ပြီး ၎င်းတို့၏ဗိမာန်တော်ကို ပြန်လည်တည်ဆောက်ရန် ကြေညာခဲ့သည်။

ယေရမိ၏အနှစ်ခုနစ်ဆယ်မျှော်လင့်ချက်ကို စိတ်ထဲ၌မှတ်သားထားခြင်းဖြင့်၊ ကျွန်ုပ်တို့သည် ဒံယေလ၏ နောက်ဆုံးသောကာလအယူဝါဒဆိုင်ရာ ထိုးထွင်းသိမြင်မှုအသစ်ကို နားလည်ဖို့လေ့လာရန် အသင့်ဖြစ်နေပြီဖြစ်သည်။

# ဒံယေလ၏ထိုးထွင်းသိမြင်မှု

ပရောဖက်ပြုချက်အတွက် ဒံယေလ၏ အရေးအကြီးဆုံးပံ့ပိုးကူညီမှုသည် ဒံယေလ ၉ တွင်တွေ့ရသည့် သူ၏ထင်ရှားသော သီတင်းခုနစ်ဆယ်ရူပါရုံ ဖြစ်သည်။ ဤကျမ်းပိုဒ်သည် ၅၃၉ ခုနှစ်ဝန်းကျင်တွင် ကုရုမှ ဣသရေလလူတို့အား ကတိတော်ပြည်သို့ပြန်ရန် အမိန့်ပေးသောအခါ ဒံယေလရရှိသော ထိုးထွင်းသိမြင်မှုဆိုင်ရာ အထူးပြုတ္တိမှတ်တမ်းတစ်ခုဖြစ်သည်။

ဒံယေလ ၉ အခန်းငယ် ၁-၃ တွင် နိဒါန်းတစ်ခုဖြင့် စတင်သည်။ ၎င်း၌ ဒံယေလက သူသည် ယေရမိ၏အနှစ်ခုနစ်ဆယ်ကျွန်ခံခြင်းဆိုင်ရာ ပရောဖက်ပြုချက်ကိုဖတ်ရှုကြောင်း တင်ပြထားသည်။ အခန်းငယ် ၂ တွင်၊ ဤနုတ်ကပတ်တော်များကို ကျွန်ုပ်တို့ဖတ်ရသည်_



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

> ထာဝရဘုရား၏ဗျာဒိတ်တော်ကို ပရောဖက်ယေရမိခံဘူးသည်ဖြစ်၍၊
> ခါလာဒဲနိုင်ငံကို အစိုးရသော မေဒိအမျိုး၊ အာရွှေရုသားဒါရိရှန်းစံပဌမနှစ်တွင်၊
> ငါဒံယေလသည် ထိုနှစ်ပေါင်းအရေအတွက်ကို ကျမ်းစာအားဖြင့်
> သိရသောကြောင့် (ဒံယေလ ၉း၂)။

ကျွန်ခံခြင်းသည် အနှစ်ခုနစ်ဆယ်သာကြာမည်ဟု ယေရမိ၏ပြောကြားမှုကို ဒံယေလသိခဲ့သည်၊ ဒံယေလအနေဖြင့်ဝမ်းမြောက်သင့်သည်ဟု ကျွန်ုပ်တို့မျှော်လင့်နိုင်သော်လည်း၊ အခန်းငယ် ၃ ၌ဒံယေလသည် များစွာခြားနားသောအရာတစ်ခုကို လုပ်ဆောင်ခဲ့ကြောင်း ဖော်ပြသည်_

> အစာကိုရှောင်လျက်၊ လျှော်တေအဝတ်ကိုဝတ်လျက်၊ ပြာနှင့်လူးလျက်၊
> အရှင်ဘုရားသခင့်ထံတော်သို့ ချဉ်းကပ်၍ဆုတောင်းပဌနာပြု၏ (ဒံယေလ ၉:၃)။

ယေရမိ၏အနှစ်ခုနစ်ဆယ် လွန်မြောက်သောကြောင့် ဒံယေလသည်ပျော်ရွှင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ထားသော်လည်း၊ လျှော်တေအဝတ်ကိုဝတ်ကာ ပြာနှင့်လူးလျက်၊ ဘုရားသခင်၏မျက်နှာတော်ကိုရှာခဲ့သည်။

အခန်းငယ် ၄-၁၉ တွင် ဒံယေလ၏ဆုတောင်းချက် အကျဉ်းချုပ်ကို တွေ့ရှိရသည်။ ဤဆုတောင်းချက်တွင်၊ သူသည် အလွန်ပြင်းထန်သောပြဿနာတစ်ခုကို ကိုင်တွယ်ဖြေရှင်းသည်။ ယေရမိ၏အနှစ်ခုနစ်ဆယ်ပြည့်ခဲ့သော်လည်း၊ လူတို့သည် မိမိတို့အပြစ်အတွက် နောင်တမရကြပေ။ အခန်းငယ် ၁၃ နှင့် ၁၄ တွင် သူပြောသည်မှာ_

> မောရှေ၏ပညတ္တိကျမ်းစာ၌ မှတ်သားသည်အတိုင်း၊ ဤဘေးဥပဒ်ရှိသမျှသည်
> အကျွန်ုပ်တို့အပေါ်မှာရောက်ပါပြီ။ အကျွန်ုပ်တို့သည် ဒုစရိုက်များကိုရှောင်၍
> သမ္မာတရားတော်ကို နားလည်ခြင်းအလို့ငှါ၊ အကျွန်ုပ်တို့ ဘုရားသခင်ထာဝရ
> ဘုရားထံတော်၌မတောင်းပန်ဘဲနေကြပါပြီတကား (ဒံယေလ ၉:၁၃-၁၄)။

ဤသင်ခန်းစာတွင် ကျွန်ုပ်တို့မြင်တွေ့ခဲ့ပြီးဖြစ်သည့်အရာကို ဒံယေလသည်နားလည်ခဲ့သည်။ ဘုရားသခင်၏လူများသည် ၎င်းတို့၏အပြစ်များမှ နောင်တရသောအခါမှသာ ကျွန်ခံခြင်းသည် ပြောင်းပြန်ဖြစ်လိမ့်မည်ဟု မောရှေကြေညာခဲ့သော်လည်း၊ ဤနေရာတွင် မမျှော်လင့်ထားသော သမိုင်းဆိုင်ရာ အရေးပေါ်အခြေအနေတစ်ခု ရှိခဲ့ပါသည်။ ဣသရေလလူမျိုးများသည် ကျွန်ခံခဲ့ရသော်လည်း ၎င်းတို့၏ အပြစ်များအတွက် နောင်တမရကြသေးပါ။ ရလဒ်အနေဖြင့်၊ *နောက်ဆုံးသောအချိန်* ကို ဘုရားသခင် ဖွင့်ပြမည့်နည်းလမ်းများတွင် သိသာထင်ရှားသောပြောင်းလဲမှုများ ဖြစ်ပေါ် ခဲ့သည်။

ဒံယေလသည် သနားကြင်နာမှုအတွက် အသနားခံခြင်းဖြင့် သူ၏ဆုတောင်းချက်ကို အဆုံးသတ်ခဲ့သည်။ လူတို့သည် မိမိတို့၏ပုန်ကန်မှုကို နောင်တမရသောကြောင့်၊ ဒံယေလသည် ကိုယ်တော်၏ဘုန်းအသရေအတွက်သာ လူများကို ပြန်လည်ပို့ဆောင်ပေးရန် ဘုရားသခင်ထံ ရိုးရှင်းစွာ တောင်းဆိုခဲ့သည်။ အခန်းငယ် ၁၇ နှင့် ၁၈ တွင် ကျွန်ုပ်တို့ဖတ်ရပါသည်မှာ_



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

> ဆိတ်ညံလျက်ရှိသော သန့်ရှင်းရာဌာနတော်ကို ဘုရားရှင်၏
> အကျိုးတော်ကြောင့်၊ မျက်နှာတော် ရောင်ခြည်ကို ထွန်းလင်းစေတော်မူပါ။
> အကျွန်ုပ်၏ဘုရားသခင်၊ နားတော်ကိုလှည့်၍ နားထောင်တော်မူပါ။
> မျက်စိတော်ကိုဖွင့်၍ အကျွန်ုပ်တို့ ပျက်စီးရာများကိုငင်း၊ နာမတော်ဖြင့်
> သမုတ်သောမြို့ကို ငင်းကြည့်ရှုတော်မူပါ။ အကျွန်ုပ်တို့သည် ကိုယ်ကုသိုလ်ကို
> အမှီမပြု၊ မဟာကရုဏာတော်ကိုသာ အမှီပြု၍ ပဋ္ဌနာစကားကို ရှေ့တော်၌
> ဆက်ကပ်ပါ၏ (ဒံယေလ ၉း၁၇-၁၈)။

ဒံယေလသည် မိမိတို့၏အပြစ်များကို နောင်တရခြင်းမရှိသော်လည်း ဘုရားသခင်သည် မိမိလူမျိုးကို ပြန်လည်တည်ဆောက်ပေးလိမ့်မည်ဟူသော မျှော်လင့်ချက်အားလုံးကို မျှော်လင့်ခဲ့သည်။

ကျန်ကြွင်းသော ဒံယေလ ၉:၂၀-၂၇ တွင် ဒံယေလ၏ဆုတောင်းချက်အပေါ် ဘုရားသခင်၏ တုံ့ပြန်မှုပါဝင်သည်။ ကောင်းကင်တမန်ဂါဗြေလသည် ဘုရားသခင်ထံမှ သတင်းစကားဖြင့် ရောက်ရှိလာသည်။ သူသည် ၉း၂၄ ၌ ဒံယေလအား ဤသို့မိန့်တော်မူသည်_

> လွန်ကျူးခြင်းအမှုကိုဆီးတား၍ အပြစ်ကို တံဆိပ်ခတ်စေခြင်းငှါငင်း၊
> ဒုစရိုက်အပြစ်ကိုဖြေရှင်း ထာဝရကုသိုလ်ကို သွင်းစေခြင်းငှါငင်း ဗျာဒိတ်ရူပါရုံနှင့်
> အနာဂတ္တိဗျာဒိတ်တော်တို့ကို တံဆိပ်ခတ်၍၊ အလွန်သန့်ရှင်းသော
> အရပ်ဌာနကိုလိမ်းစေခြင်းငှါငင်း၊ သိတင်းခုနစ်ဆယ်ကို သင်၏
> အမျိုးသားချင်းအဘို့နှင့် သင်၏ သန့်ရှင်းသောမြို့အဘို့ ဆုံးဖြတ်ခြင်းရှိ၏
> (ဒံယေလ ၉:၂၄)။

ရိုးရှင်းစွာပြောရလျှင်၊ ယေရမိ၏အဆိုအရကျွန်ခံခြင်းကို အနှစ်ခုနစ်ဆယ်မှ နှစ်ခုနစ်ဆယ်ခုနစ်လီ သို့မဟုတ် နှစ်ပေါင်း ၄၉၀ ခန့်အထိ သက်တမ်းတိုးခဲ့ကြောင်း ဂါဗြေလမိန့်တော်မူသည်။ လူတို့သည် နောင်တရရန် ငြင်းဆိုခဲ့သောကြောင့်၊ ဘုရားသခင်သည် ကျွန်ခံခြင်း၏အရှည်ပမာဏကို ခုနစ်ဆတိုးရန် ဆုံးဖြတ်ခဲ့သည်။ ဝတ်ပြုရာ ၂၆:၁၈ တွင် ဘုရားသခင် မိန့်တော်မူသည်မှာ_

> ထိုမျှလောက်ခံရသော်လည်း၊ ငါ့စကားကိုနားမထောင်ဘဲ နေသေးလျှင်၊
> သင်တို့အပြစ်ကြောင့် ခုနစ်ဆသောဒဏ်ကို ငါပေးဦးမည် (ဝတ်ပြုရာ ၂၆:၁၈)။

ဘုရားသခင်သည် ဣသရေလလူမျိုး၏ ပြန်လည်တည်ဆောက်ခြင်းနှင့် ကတိတော်ပြည်ကို ထိန်းချုပ်ခြင်းကို နှောင့်နှေးစေခဲ့ပြီး၊ ဘုရားသခင်၏နိုင်ငံတော်သည် ခရစ်တော်ထံတော်သို့ မရောက်မှီတိုင်အောင်၊ တစ်ပါးအမျိုးသားအင်ပါယာတစ်ခုမှ အခြားအင်ပါယာတစ်ခုသို့ ကူးပြောင်းသွားခဲ့သည်။

အနှစ်ခုနစ်ဆယ်ကျွန်ခံခြင်းနှင့်ပတ်သက်ပြီး ယေရမိ၏ကြိုတင်ဟောပြောချက်နှင့် နှစ်ပေါင်း ၄၉၀ ခန့်အထိ ခုနစ်ဆတိုးလာမည့်အကြောင်း ဒံယေလ၏သင်ယူပုံကို တွေ့မြင်ရပြီးနောက်၊ ယခုကျွန်ုပ်တို့သည် ဓမ္မဟောင်းပရောဖက်ပြုချက်ဆိုင်ရာနောက်ဆုံးသောကာလအယူဝါဒ ၏နောက်ဆုံးအဆင့်များကို လေ့လာရန်အနေအထားတွင် ရောက်နေပြီဖြစ်သည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

# နောက်ဆုံးရှုမြင်ချက်များ

ဓမ္မဟောင်းပရောဖက်ပြုချက်၏ နောက်ဆုံးအဆင့်များသည် ဣသရေလလူမျိုးအများအပြား သုံ့ပန်းဘဝမှ လွတ်မြောက်ကာ ကတိတော်ပြည်သို့ ပြန်သွားပြီးနောက် ပြန်လည်တည်ဆောက်ခြင်း ကာလတွင် ဖြစ်ပျက်ခဲ့သည်။ ဤနောက်ဆုံးအဆင့်တွင် ဓမ္မဟောင်းနောက်ဆုံးသောကာလအယူဝါဒ သည် မည်သည့်ပုံစံဖြစ်သည်ကိုနားလည်ရန်၊ ကျွန်ုပ်တို့သည် အကြောင်းအရာနှစ်ခုကို သုံးသပ်ပါမည်_ ပထမ ပြန်လည်တည်ဆောက်ခြင်းဆိုင်ရာ ကနဦးမျှော်လင့်ချက်နှင့် ဒုတိယ ပြန်လည်တည်ဆောက်ခြင်း ဆိုင်ရာ နောက်ပိုင်းမျှော်လင့်ချက်တို့ ဖြစ်သည်။ ပထမအုပ်စုဣသရေလလူမျိုးများ ဗာဗုလုန်မှ တိုင်းပြည် သို့ပြန်လာပြီးနောက်၊ အစောပိုင်းနှစ်များတွင် အမှုထမ်းခဲ့သောပရောဖက်များ၏ ကနဦးမျှော်လင့်ချက် များကို ဦးစွာသုံးသပ်ကြည့်ကြပါစို့။

## ကနဦး မျှော်လင့်ချက်များ

ဤအချိန်တွင်၊ ကျွန်ုပ်တို့သည် ဘီစီ ၅၃၉ မှ ၅၁၅ ခုနှစ်အတွင်း ကနဦးပြန်လည်တည်ဆောက် ခြင်းကာလကို အာရုံစိုက်နေခြင်းဖြစ်သည်။ ဤအချိန်အတောအတွင်း၊ ဘုရားသခင်ထံမှ ကြီးစွာသော ကောင်းချီးမင်္ဂလာများသည် ပြန်လည်တည်ဆောက်ထားသော ဘုရားသခင်၏လူများအပေါ် လျှင်မြန်စွာ သွန်းလောင်းနေသည်ကိုတွေ့မြင်ရန် မျှော်လင့်ချက်ဖြင့် ဣသရေလအုပ်စုငယ်များသည် ပြန်လာခဲ့ကြ သည်။ များသောအားဖြင့်၊ သူတို့သည် နောင်တရခြင်းနှင့် ဘုရားသခင်ကို သစ္စာရှိစွာနာခံခြင်းဖြင့် ဒံယေလ၏ အနှစ် ၄၉၀ ကိုတိုစေမည်ဟု မျှော်လင့်ခဲ့ကြသည်။ ဟဂ္ဂဲနှင့်ဇာခရိတို့သည် နောက်ဆုံးသော ကာလဆိုင်ရာ မျှော်လင့်ချက်လေးခုဖြစ်သည့်_ ဒါဝိဒ်၏ရာဇပလ္လင်အားပြန်လည်တည်ဆောက်ခြင်း၊ တစ်ပါးအမျိုးသားလူမျိုးများအပေါ်အောင်နိုင်ခြင်း၊ ဗိမာန်တော်ပြန်လည်တည်ဆောက်ခြင်းနှင့် သဘာဝ တရားအား ပြန်လည်ဆန်းသစ်ခြင်းတို့ကို အာရုံစိုက်ခဲ့သည်။ ဟဂ္ဂဲနှင့်ဇာခရိသည် ဘုရားသခင်၏လူများ အတွက် ကြီးမားသောမျှော်လင့်ချက်ရှိခဲ့သည်။ ဤအချိန်တွင် ဘုရားသခင့်လူမျိုး၏သစ္စာရှိမှုသည် အသစ်ဖွဲ့စည်းထားသောလူမျိုးအတွက် ကောင်းချီးမင်္ဂလာများစွာဆောင်ကြဉ်းပေးမည်ဟု သူတို့မျှော်လင့် ခဲ့ကြသည်။

ဣသရေလများ တိုင်းပြည်သို့ပြန်လာပြီးနောက် အစောပိုင်းနှစ်များတွင် ဇေရုဗဗေလနှင့် ဗိမာန် တော်၌ မျှော်လင့်ချက်များ အလွန်မြင့်မားခဲ့သော်လည်း၊ ဤအခြေအနေသည် ကြာရှည်မခံခဲ့ပါ။ ယင်းအ စား၊ ပြန်လည်တည်ဆောက်ခြင်းကာလ၏ နောက်ပိုင်းမျှော်လင့်ချက်များသည် မတူညီသောအလှည့် အပြောင်းဖြစ်ခဲ့သည်ကို ကျွန်ုပ်တို့ ရှာဖွေတွေ့ရှိလာသည်။ ဇေရုဗဗေလသည် ဟဂ္ဂဲနှင့်ဇာခရိတို့ သူ့အား မှာကြားခဲ့သည့်အတိုင်း ဗိမာန်တော်ကို ပြီးမြောက်စေခဲ့သော်လည်း၊ ဇာခရိအနာဂတ္တိကျမ်း၏ဒုတိယပိုင်း၊ ဧဇရ၊ နေဟမိ၊ မာလခိ စသည့်ကျမ်းများမှ ကျွန်ုပ်တို့သင်ယူသကဲ့သို့၊ ဣသရေလလူတို့သည် ဘုရားသခင် အလိုတော်နှင့် ကိုက်ညီမှုအနည်းငယ်သာရှိသည်ကို တွေ့ရသည်။ မျိုးဆက်တစ်ခုအတွင်းတွင်၊ လူမျိုးခြား အမျိုးသမီးများနှင့် ကျယ်ပြန့်စွာထိမ်းမြားလက်ထပ်ခဲ့ပြီးအယူဖောက်ပြန်မှု ရလဒ်ကျယ်ပြန့်စွာထွက်ပေါ် သည်။ အကျိုးဆက်မှာ၊ ကျွန်ခံရာအလွန် အစောပိုင်းကာလတွင် ဣသရေလလူမျိုးအတွက် ကြီးမားသော ကောင်းချီးမင်္ဂလာမျှော်လင့်ချက်တို့သည် ဝေးကွာသောအနာဂတ်သို့ ရောက်ရှိသွားခဲ့သည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သဘ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

## နောက်ဆုံးမျှော်လင့်ချက်များ

မာလခိသည် အခြားနောက်ပိုင်းပရောဖက်များထက် ဤဝေးကွာသွားသောမျှော်လင့်ချက်ကို ပိုအာရုံစိုက်ခဲ့သည်။ သူသည် ယေရှုရှလင်မြို့၌နေထိုင်သူတို့ကို ပြင်းထန်စွာ ပြစ်တင်ဆုံးမခဲ့ပြီး၊ အနာဂတ်တွင် တရားစီရင်ခြင်းနှင့် ကောင်းချီးမင်္ဂလာနေ့ရက်သည် ကျရောက်တော့မည်ဖြစ်ကြောင်း သူတို့ကို သတိပေးခဲ့သည်။ ဥပမာ၊ မာလခိ ၃:၁ တွင် ဤနုတ်ကပတ်တော်များကို ကျွန်ုပ်တို့ဖတ်ရသည်-

> ကြည့်ရှုလော့။ ငါသွားရာလမ်းကို ပြင်ရသောငါ၏တမန်ကို ငါစေလွှတ်မည်။ သင်တို့ ရှာသောသခင်၊ သင်တို့တောင့်တသော ပဋိညာဉ်တမန်တော်သည် မိမိဗိမာန်တော်သို့ ချက်ချင်းလာလိမ့်မည်။ ကြည့်ရှုလော့။ ထိုသခင်လာလိမ့်မည်ဟု ကောင်းကင်ဗိုလ်ခြေအရှင် ထာဝရဘုရားမိန့်တော်မူ၏ (မာလခိ ၃:၁)။

သူ၏နောက်ဆုံးစကား ၄:၁-၂ တွင် မာလခိက ထိုကြီးမြတ်သောအနာဂတ်နေ့တွင် ဖြစ်ပျက်မည့်အရာများကို ပြောပြသည်_

> မီးဖို၌ မီးလောင်သကဲ့သို့ လောင်သောနေ့ရက်ကာလသည် ရောက်လိမ့်မည်။ မာနကြီးသောသူနှင့် ဒုစရိုက်ကိုပြုသော သူအပေါင်းတို့သည် အမှိုက်ခြောက်ဖြစ်ကြလိမ့်မည်။...ငါ၏နာမတော်ကို ကြောက်ရွံ့သောသင်တို့၌ကား၊ တရားတော်နေမင်းသည် အနာပျောက်စေသောအတောင်တို့နှင့် ပေါ်ထွန်းတော်မူမည်။ သင်တို့သည် ထွက်သွား၍တင်းကုပ်၌ နွားသငယ်ကဲ့သို့ ခုန်ကြလိမ့်မည် (မာလခိ ၄:၁-၂)။

ဓမ္မဟောင်းကျမ်းပြီးဆုံးသည်နှင့်အမျှ ဤကယ်တင်ခြင်းသည် လျင်မြန်စွာလာမည်မဟုတ်ကြောင်း ထင်ရှားလာသည်။ ဘုရားသခင်၏လူများသည် အပြည့်အဝပြန်လည်တည်ဆောက်ခြင်းကို စောင့်ဆိုင်းရပေမည်။

ဓမ္မဟောင်းကျမ်း၏နောက်ဆုံးသောကာလအယူဝါဒသည် မောရှေမှစတင်ခဲ့ပြီး အစောပိုင်းပရောဖက်များသည် တော်ဝင်ထီးနန်းနှင့်ဗိမာန်တော်အခင်းအကျင်းများကို ပေါင်းထည့်ခြင်းဖြင့် ဤအကြောင်းအရာများအတွက် ထိုးထွင်းသိမြင်မှုများစွာကိုပေးကြောင်း ကျွန်ုပ်တို့တွေ့မြင်ခဲ့ပါသည်။ ယခု၊ ဒံယေလနှင့် ဓမ္မဟောင်းကျမ်း၏နောက်ဆုံးပရောဖက်များသည် ကျွန်ခံခြင်းကာလကို အချိန်အတော်ကြာအောင် သက်တမ်းတိုးမည်ဖြစ်ကြောင်း သိရှိကြသည်ကို ကျွန်ုပ်တို့မြင်တွေ့ရပါသည်။ သို့မှသာ ဘုရားသခင်၏ကြီးမြတ်သောကြားဝင်ဆောင်ရွက်မှုသည် ဖြစ်ပေါ်လာပြီး ဘုရားသခင်၏လူတို့ထံ ပြန်လည်တည်ဆောက်ခြင်းကို ယူဆောင်လာမည်ဖြစ်သည်။ ၎င်းသည် ကျွန်ုပ်တို့အား သမ္မာကျမ်းစာဆိုင်ရာနောက်ဆုံးသောကာလအယူဝါဒ၊ ဓမ္မသစ်ကျမ်း၏ နောက်ဆုံးသောကာလအယူဝါဒ၏ နောက်ဆုံးအဆင့်များသို့ ပို့ဆောင်ပေးသည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

# ဓမ္မသစ်ကျမ်း၏ နောက်ဆုံးသောကာလအယူဝါဒ

ကျွန်ုပ်တို့ခရစ်ယာန်များအနေနှင့် ဓမ္မဟောင်းပရောဖက်ပြုချက်ကိုဖတ်ရှုသည့်အခါတိုင်း၊ ဓမ္မသစ်ကျမ်းရေးသူများ၏အမြင်များကို လိုက်နာရမည်ဖြစ်သည်။ ဓမ္မသစ်ကျမ်းရေးသူများသည် ဓမ္မဟောင်းအတွင်း နောက်ဆုံးသောကာလအယူဝါဒ၏တိုးတက်ပြောင်းလဲမှုများကို နားလည်ခဲ့ကြသော်လည်း၊ သူတို့သည် ယေရှု၏ဓမ္မအမှုတော်၏အမှန်တရားကို ၎င်းထဲသို့ထည့်သွင်းဖော်ပြခဲ့ကြသည်။ သခင်ယေရှုသည် ဤကမ္ဘာမြေပေါ်သို့ကြွလာပြီး နောက်ဆုံးသောကာလအယူဝါဒကို ဖော်ထုတ်မည့် နည်းလမ်းများကို ပြောင်းလဲစေကာ၊ ခရစ်ယာန်များအနေဖြင့် ဓမ္မသစ်ကျမ်းတွင်ပေးထားသည့် ဤရှုထောင့်ကိုလိုက်နာရမည်ဖြစ်သည်။ ကျွန်ုပ်တို့သည် အကြောင်းအရာသုံးခုကို ထည့်သွင်းစဉ်းစားခြင်းဖြင့် ဓမ္မသစ်ကျမ်းမှ နောက်ဆုံးသောကာလအယူဝါဒ၏ပုံရိပ်ကို နားလည်သဘောပေါက်နိုင်ပါသည် _ပထမ ဓမ္မသစ်ကျမ်းရှိ အဓိကဝေါဟာရအချို့၊ ဒုတိယ ဓမ္မသစ်ကျမ်းနောက်ဆုံးသောကာလအယူဝါဒ၏အခြေခံဖွဲ့စည်းပုံ၊ တတိယ ဓမ္မသစ်ကျမ်းတွင်တွေ့ရသောနောက်ဆုံးသောကာလအယူဝါဒဆိုင်ရာ အဓိကအကြောင်းအရာများဖြစ်သည်။ ဓမ္မသစ်ကျမ်း၏အချိန်ကာလ၏အဆုံးအပေါ် ရှုမြင်ချက်များကို လမ်းညွှန်ပေးသည့် ဓမ္မသစ်ကျမ်းပါအရေးကြီးသော ဝေါဟာရများကို ရှေးဦးစွာလေ့လာကြပါစို့။

## အသုံးအနှုန်း

ကျွန်ုပ်တို့သည် အထူးအရေးကြီးသော အသုံးအနှုန်းသုံးရပ်ကို အာရုံစိုက်ပါမည်_ ပထမ"ဧဝံဂေလိတရား"၊ ထို့နောက် "နိုင်ငံတော်"၊ နောက်ဆုံးတွင် "နောင်ကာလ"ဟူသောအသုံးအနှုန်းများဖြစ်သည်။။

### ဧဝံဂေလိတရား

"ဧဝံဂေလိတရား" ဟူသော စကားလုံးသည် ယုံကြည်သူတိုင်းအတွက် ရင်းနှီးပါသည်။ ၎င်းသည် ဂရိစကားလုံး *euangelion* မှဆင်းသက်လာပြီး "သတင်းကောင်း" ဟုအဓိပ္ပာယ်ရသည်။ ယေရှုနှင့် သူ၏တမန်တော်များသည် "ဧဝံဂေလိတရား"သို့မဟုတ် "သတင်းကောင်း"ကို ဟောပြောခဲ့ကြောင်း ဓမ္မသစ်ကျမ်းက အကြိမ်ကြိမ်ဖော်ပြထားသည်။ ဓမ္မသစ်ကျမ်းရေးသူများသည် ခရစ်တော်နှင့်ပတ်သက်သော ခရစ်ယာန်သတင်းစကားကို ဧဝံဂေလိ သို့မဟုတ် သတင်းကောင်းအဖြစ် အကြိမ်တစ်ရာကျော် ပြောဆိုခဲ့ကြသည်။ ဓမ္မသစ်ကျမ်းသည် ဤ"ဧဝံဂေလိတရား" ဟူသောစကားလုံးကိုမတီထွင်ခဲ့ကြောင်း သဘောပေါက်ရန် အလွန်အရေးကြီးပါသည်။ ယင်းအစား၊ ဓမ္မသစ်ကျမ်းရေးသူများသည် ဓမ္မဟောင်းပရောဖက်များထံမှ "ဧဝံဂေလိ" ဟူသောဝေါဟာရကို ရယူခဲ့သည်။

ဓမ္မဟောင်းပရောဖက်များသည် "သတင်းကောင်း" သို့မဟုတ် "ဝမ်းမြောက်ဖွယ်သတင်းများ"ဟု အကြိမ်ကြိမ်ပြန်ဆိုလေ့ရှိသည့် ဟေဗြဲစကားလုံး *basar* (ဘဆ္ဇar) ကိုအသုံးပြုကြသည်။ သူတို့၏စိတ်ထဲတွင် မည်သည့်သတင်းကောင်း ရှိနေပါသနည်း။ တစ်နည်းအားဖြင့်၊ ပရောဖက်များအားဖြင့်ကြေညာသော သတင်းကောင်းမှာ ကျွန်ခံရခြင်းသည်ပြီးဆုံးသွားကာ၊ ဘုရားသခင့်လူမျိုး ၏ပြန်လည်တည်ဆောက်ခြင်းသည် ရောက်ရှိလာတော့မည်ဟူသည့် သတင်းကောင်းဖြစ်သည်။ ဥပမာ၊ ဟေရှာယ ၅၂:၅-၇



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

တွင်ပရောဖက်ဟောရှာယ ပြောဆိုပုံကို နားထောင်ပါ။ အခန်းငယ် ၅ နှင့် ၆ တွင် အောက်ပါနုတ်ကပတ်တော်များကို တွေ့ရသည်_

ထာဝရဘုရားမိန့်တော်မူသည်ကား၊ ငါ၏လူတို့ကိုအကြောင်းမရှိဘဲ ယူသွား၍၊ အစိုးရသောသူတို့သည် ဝါကြွားလျက်...ငါ၏လူတို့သည် ငါ့ကိုသိကြလိမ့်မည်။...ဂတိထားသောသူကား၊ ငါဖြစ်သည်ကိုအချိန်ရောက်မှ သိကြလိမ့်မည်။ အကယ်စင်စစ်ငါရှိသည်ဟု ထာဝရဘုရားမိန့်တော်မူ၏ (ဟေရှာယ ၅၂:၅-၆)။

ကိုယ်တော်၏လူများသည် သူ၏တန်ခိုးတော်ကြီးစွာပြသမှုအား မြင်တွေ့ကြလိမ့်မည်၊ ကျွန်ခံခြင်းမှ ပြန်လည်တည်ဆောက်ခြင်းကို ကိုယ်တော်ကြိုတင်ဟောထားတော်မူကြောင်းကို သူတို့သည် သိရကြလိမ့်မည်ဟု ဘုရားသခင်မိန့်တော်မူခဲ့သည်။ ထို့နောက် ဤပြန်လည်တည်ဆောက်ခြင်း၏အာမခံချက်အပေါ် ဆင်ခြင်သုံးသပ်ခြင်းကို ဟေရှာယသည် အခန်းငယ် ၇ တွင်ဤသို့ဆိုသည်_

"ငြိမ်သက်ခြင်း၏ ဝမ်းမြောက်စရာသတင်းကို ကြားပြောသောသူ၊ ကယ်တင်ခြင်းကောင်းကျိုး ချမ်းသာ၏ဝမ်းမြောက်စရာသတင်းကို ကြားပြောသောသူ၊ သင်၏ဘုရားသခင်စိုးစံတော်မူ၏ဟု ဇိအုန်မြို့အား ပြောသောသူ၏ခြေတို့သည် တောင်ပေါ်မှာ အလွန်တင့်တယ်လှစွတကား" (ဟေရှာယ ၅၂း၇)

အချို့သော သတင်းကိုကြားပြောသောသူများ၏ အသွင်အပြင်သည် လုံးဝလှပလိမ့်မည် ဖြစ်ကြောင်း ဟေရှာယဆိုခဲ့သည်။ သတင်းကိုကြားပြောသောသူများသည် မည်သို့သောအမျိုးအစားများ ဖြစ်ကြသနည်း။ သတင်းကောင်း သို့မဟုတ် "ဧဝံဂေလိတရား" ကို ယူဆောင်လာသူများဖြစ်ကြသည်။

ယခု၊ "ဧဝံဂေလိတရား" ဟူသော စကားလုံး၏ပရောဖက်ပြုချက်နောက်ခံသည် ယေရှုနှင့် သူ၏တမန်တော်များက ခရစ်တော်၏ဧဝံဂေလိတရားကို အဘယ်ကြောင့်ကြေငြာကြသည်ကို နားလည်ရန် ကျွန်ုပ်တို့ကို ကူညီပေးပါသည်။ သခင်ယေရှုသည် ကျွန်ခံခြင်းမှ ပြန်လည်တည်ဆောက်ခြင်းကို ယူဆောင်လာခဲ့သည်။ လုကာ ၄:၁၈-၁၉ တွင် ယေရှုသည် ဟေရှာယ ၆၁:၁-၂ ကိုကိုးကားပြီး၊ ၎င်းကို သူ၏အသက်တာတွင် အသုံးပြုခဲ့သည်။

ထာဝရဘုရား၏ဝိညာဉ်တော်သည် ငါ့အပေါ်၌တည်တော်မူ၏။ အကြောင်းမူကား၊ ဆင်းရဲသားတို့အား ဝမ်းမြောက်စရာသိတင်းကို ကြားပြောစေခြင်းငှါ ငါ့ကိုဘိသိတ် ပေးတော်မူပြီ။ ကြေမွသောသူတို့၏ အနာကိုပျောက်စေခြင်းငှါ၎င်း၊ ဘမ်းသွားချုပ်ထားလျက်ရှိသော သူတို့အား လွှတ်ခြင်းအကြောင်းနှင့် မျက်စိကန်းသောသူတို့အား မျက်စိမြင်ပြန်ခြင်း အကြောင်းကို ပြစေခြင်းငှါ၎င်း၊ ညှဉ်းဆဲခံရသောသူတို့ကို ကယ်မစေခြင်းငှါ၎င်း၊ ထာဝရဘုရား၏ မင်္ဂလာနှစ်ကာလကို ကြားပြောစေခြင်းငှါ၎င်း၊ ငါ့ကို စေလွှတ်တော်မူပြီ (လုကာ၄:၁၈-၁၉)။

ဤကျမ်းပိုဒ်က ရှင်းလင်းစွာဖော်ပြထားသည်နှင့်အမျှ၊ ယေရှုသည်မိမိကိုယ်ကို ကျွန်ခံခြင်းမှ ပြန်လည်တည်ဆောက်ခြင်းကို ဘုရားသခင်၏လူများထံ ယူဆောင်လာသူအဖြစ် ရှုမြင်ခဲ့သည်။

ဓမ္မသစ်ကျမ်းမှ ဒုတိယအရေးကြီးသောအသုံးအနှုန်းသည် တူညီသောအမြင်ကိုဖော်ပြသည်။ ဤသည်မှာ "နိုင်ငံတော်" ဟူသောဝေါဟာရဖြစ်သည်။

## နိုင်ငံတော်

ဓမ္မသစ်ကျမ်းသည် ဓမ္မသစ်ခေတ်ကို နိုင်ငံတော်၏ခေတ်အဖြစ် မကြာခဏ အကျဉ်းချုပ်ဖော်ပြသည်။ ဓမ္မသစ်ကျမ်းတွင် ဤအသုံးအနှုန်းသည် အဘယ်ကြောင့် အလွန်ထင်ရှားသနည်း။ နိုင်ငံတော် ဟူသောအသုံးအနှုန်းသည် ကျွန်ခံပြီးနောက် ပြန်လည်တည်ဆောက်ခြင်းဆိုင်ရာ မျှော်လင့်ချက်များကို သခင်ယေရှုသည်ဖြည့်ဆည်းပေးခဲ့ကြောင်း ဓမ္မသစ်ကျမ်းက အသိအမှတ်ပြုသည့် အခြားနည်းတစ်နည်းဖြစ်သည်။ ဟေရှာယ ၅၂:၇ တွင်တွေ့ရသော ကျွန်ခံခြင်းမှ ပြန်လည်တည်ဆောက်ခြင်းအကြောင်း ဟေရှာယ၏ပရောဖက်ပြုချက်ကို တစ်ဖန်နားထောင်ပါ။ သူသည် ဧဝံဂေလိတရားကို ဘုရားသခင်၏ အုပ်စိုးမှုနှင့် ဤသို့ဆက်စပ်ခဲ့သည်–

> "ငြိမ်သက်ခြင်း၏ ဝမ်းမြောက်စရာ သတင်းကို ကြားပြောသောသူ၊
> ကယ်တင်ခြင်းကောင်းကျိုး ချမ်းသာ၏ ဝမ်းမြောက်စရာ သတင်းကို
> ကြားပြောသောသူ၊ သင်၏ ဘုရားသခင် စိုးစံတော်မူ၏ ဟု ဇိအုန်မြို့အား
> ပြောသောသူ၏ ခြေတို့သည် တောင်ပေါ်မှာ အလွန်တင့်တယ်လှစွတကား"
> (ဟေရှာယ ၅၂း၇)

ဤနောက်ဆုံးစကား—"သင်၏ဘုရားသခင် စိုးစံတော်မူ၏"—သည် ဘုရားသခင်၏လူမျိုးတော်အား ပြန်လည်တည်ဆောက်ခြင်းနှင့် ကမ္ဘာတစ်ဝှမ်းတွင် ၎င်းတို့၏အောင်ပွဲများကို ကြေငြာခြင်းဖြစ်သည်၊ ဤကြေငြာချက်သည် ကျွန်ုပ်တို့အား ဘုရားသခင်၏နိုင်ငံတော်ဆိုင်ရာ ယေရှု၏သွန်သင်ချက်များအကြောင်း နောက်ခံကိုပေးပါသည်။ ကမ္ဘာမြေကြီးအပေါ် ဘုရားသခင်၏ အုပ်စိုးမှုတည်ရှိနေတာကြောင့် ပြန်လည်တည်ဆောက်ခြင်းသည် သူ့အားဖြင့်ရောက်ရှိလာမည်ဖြစ်ကြောင်း ယေရှုကြေညာခဲ့သည်။

တတိယအသုံးအနှုန်းသည် အချိန်ကာလကုန်ဆုံးခြင်းဆိုင်ရာ ဓမ္မသစ်ရှုထောင့်၊ "နောင်ကာလ" ဟူသောအသုံးအနှုန်းကို နားလည်ရန်လည်း ကူညီပေးပါသည်။

## နောင်ကာလ

ဓမ္မဟောင်းပရောဖက်များသည် ကျွန်ခံရပြီးနောက် အချိန်ကာလကိုဖော်ပြရန် နောင်ကာလ ဟူသော အသုံးအနှုန်းကိုအသုံးပြုခဲ့ကြောင်း သင်မှတ်မိပါလိမ့်မည်။ ဓမ္မသစ်ကျမ်းရေးသူများသည် ဓမ္မသစ်ကာလကိုဖော်ပြရန် တူညီသောအသုံးအနှုန်းကို အသုံးပြုခဲ့ကြသည်။ ဥပမာ၊ တမန်တော် ၂:၁၇ တွင် ဤနုတ်ကပတ်တော်များကို ကျွန်ုပ်တို့ဖတ်ရသည်–



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

> နောင်ကာလ၌ လူမျိုးတကာတို့အပေါ်သို့ ငါ၏ဝိညာဉ်တော်ကိုငါသွန်းလောင်းမည် (တမန်တော် ၂:၁၇)။

ဓမ္မသစ်ကျမ်းရေးသူများသည် ဓမ္မသစ်ကာလတစ်ခုလုံးကို *နောက်ဆုံးသောအချိန်* သို့မဟုတ် နောင်ကာလအဖြစ် အကြိမ်ကြိမ် ရည်ညွှန်းကြသည်။ သူတို့သည် ဓမ္မဟောင်း ပရောဖက်ပြုချက်ဆိုင်ရာ ဝေါဟာရများအပေါ် မှီခိုအားထားသောကြောင့် ယင်းသို့ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ ဓမ္မသစ်ခေတ်ကို ပရောဖက်ပြုချက်ဆိုင်ရာမျှော်လင့်ချက်များ၏အဆုံးစွန်၊ ဘုရားသခင်၏လူများကို ပြန်လည်တည်ဆောက်ခြင်းကာလအဖြစ် သူတို့မြင်ကြသည်။ ဓမ္မသစ်ကျမ်းမှ ဤအရေးကြီးသောအသုံးအနှုန်းများသည် ဓမ္မသစ်ကျမ်းရေးသူများအနေဖြင့် ၎င်းတို့၏ခေတ်ကာလကို နောက်ဆုံးသောကာလဆိုင်ရာဓမ္မဟောင်းမျှော်လင့်ချက်များ၏ပြည့်စုံမှုအဖြစ်ရှုမြင်ကြောင်း ဖော်ပြသည်။ တစ်နည်းအားဖြင့်၊ လူ့သမိုင်း၏နောက်ဆုံးအဆင့်သည် ခရစ်တော်အားဖြင့် ရောက်ရှိလာခဲ့သည်။

# ဖွဲ့စည်းပုံ

ဓမ္မသစ်ကျမ်း၏နောက်ဆုံးသောကာလအယူဝါဒဆီသို့ ဤလမ်းညွှန်ချက်သည် ပြန်လည်တည်ဆောက်ခြင်းနိုင်ငံတော်အတွက် ဓမ္မသစ်ကျမ်းဖော်ပြသည့် အခြေခံဖွဲ့စည်းပုံကို မြင်နိုင်မည့်အနေအထားကို ကျွန်ုပ်တို့အားပေးပါသည်။ နောက်ဆုံးသောကာလအယူဝါဒနှင့်ပတ်သက်သော ဤအမြင်သစ်ကို ဆန်းစစ်ရန်၊ ဓမ္မသစ်တွင်ဖော်ပြထားသော မျှော်လင့်ချက်နှစ်ခုကို လေ့လာကြည့်ပါမည်။ ပထမ နှစ်ခြင်းဆရာယောဟန်၏မျှော်လင့်ချက်နှင့် သခင်ယေရှု၏မျှော်လင့်ချက်တို့ ဖြစ်သည်။ နှစ်ခြင်းဆရာယောဟန်၏အမြင်ကို ဦးစွာသုံးသပ်ကြည့်ပါ။

## ဗတ္တိဇံဆရာယောဟန်

ဗတ္တိဇံဆရာယောဟန်၌ သူ၏ခေတ်တွင်အလွန်ထင်ရှားသော ဘုရားသခင်၏နိုင်ငံတော်အတွက် မျှော်လင့်ချက်တစ်ခုရှိခဲ့သည်။ ဓမ္မဟောင်းကျမ်းကိုဖတ်ရှုခြင်းဖြင့်၊ မေရှိယကြွလာသောအခါ ကိုယ်တော်သည်နိုင်ငံတော်ကို တစ်ပြိုင်နက် ယူဆောင်လာလိမ့်မည်ဟု ယောဟန်ယုံကြည်ခဲ့သည်။ လုကာ ၃:၁၆-၁၇ တွင် မေရှိယအကြောင်း ယောဟန်ပြောပုံကို နားထောင်ပါ_

> ငါ့ထက်တတ်စွမ်းနိုင်သောသူသည် ကြွလာသေး၏။...ထိုသူသည်
> သန့်ရှင်းသောဝိညာဉ်တော်၌၎င်း၊ မီး၌၎င်း သင်တို့ကိုဗတ္တိဇံကိုပေးမည်။
> လက်တော်တွင် စံကောပါလျက် မိမိကောက်နယ်တလင်းကို ရှင်းလင်းစေသဖြင့်၊
> ဂျုံစပါးကိုကား ကျီ၌စုသိမ်းသွင်းထား၍၊ အဖျင်းကိုကား မငြိမ်းနိုင်သောမီးနှင့်
> ရှို့တော်မူလတံ့ဟု ပြောဆို၏ (လုကာ ၃:၁၆-၁၇)။

ယောဟန်သည် ဓမ္မဟောင်းပရောဖက်များကဲ့သို့ပင်၊ ဣသရေလလူမျိုးကို ပြန်လည်တည်ဆောက်သောအခါ၊ ကောင်းချီးမင်္ဂလာနှင့် တရားစီရင်မည့်အချိန်ချက်ချင်းဖြစ်မည်ဟု ယုံကြည်ခဲ့သည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

## သခင်ယေရှု

ဓမ္မဟောင်း၏ ဤရှုတ်တရက် နောက်ဆုံးတရားစီရင်ခြင်းနှင့် ကောင်းချီးမင်္ဂလာမျှော်လင့်ချက်များကြောင့်၊ ယေရှုသည် ယောဟန်နှင့် အခြားသူများ မျှော်လင့်ထားသည့်အတိုင်း *နောက်ဆုံးသောအချိန်* ရောက်လာမည်မဟုတ်ကြောင်း သူ၏နောက်လိုက်များအား သူ၏အမှုတော်ကာလတစ်လျှောက်တွင် ရှင်းပြခဲ့သည်။ ယင်းအစား၊ ဘုရားသခင်သည် ပြန်လည်တည်ဆောက်ခြင်းကို ဖြည်းညှင်းစွာယူဆောင်လာပြီး၊ အချိန်ကိုဆန့်ထုတ်ရန်ဆုံးဖြတ်ခဲ့သည်။ *နောက်ဆုံးသောအချိန်* နှင့်ပတ်သက်သော ယေရှု၏ ဗျာဒိတ်တော်အသစ်၏ အရှင်းလင်းဆုံးဖော်ပြချက်ကို မဿဲ ၁၃ ပုံဥပမာနစ်ခုတွင်တွေ့ရသည်_ ၃၁-၃၅ ထိုနေရာ၌၊ ယေရှုသည်ဘုရားသခင်၏နိုင်ငံတော်ကို အပင်ကြီးတစ်ပင်အဖြစ် ကြီးထွားလာသည့် မုန်ညင်းစေ့နှင့် ခိုင်းနှိုင်းခဲ့သည်။ မုန့်တခုလုံးကို ဖြည်းဖြည်းချင်းဖောင်းကြွစေသော တဆေးနှင့်လည်း ဘုရားသခင်၏နိုင်ငံတော်ကို ခိုင်းနှိုင်းခဲ့သည်။ ဤပုံဥပမာနစ်ခုစလုံး၏ အဓိကအချက်မှာ ပြန်လည်တည်ဆောက်ခြင်းနိုင်ငံတော်သည် တရားစီရင်ခြင်းနှင့် ကောင်းချီးမင်္ဂလာများနှင့်အတူ ချက်ခြင်းရောက်ရှိလာခြင်း မဟုတ်ပါ။ ယင်းအစား၊ ၎င်းသည်ကြီးထွားမှု သို့မဟုတ် ကာလများမှတစ်ဆင့် ရောက်ရှိလာခြင်းဖြစ်သည်။

သခင်ယေရှုနှင့်သူ၏တပည့်တော်များ သင်ကြားသော နောက်ဆုံးသောကာလအယူဝါဒ နှင့်ပတ်သက်၍ ဓမ္မသစ်ကျမ်း၏အမြင်ကို နောက်ဆုံးသောကာလအစပြုခြင်းဟုခေါ်သည်။ ဤနောက်ဆုံးသောကာလအစပြုခြင်းကို နည်းလမ်းများစွာဖြင့် ဖော်ပြထားပြီးဖြစ်သော်လည်း၊ ၎င်းကို ဖွဲ့စည်းပုံသုံးပိုင်းအဖြစ်ရှုမြင်နိုင်သည်။ ပထမ ခရစ်တော်ကြွလာခြင်းသည် နိုင်ငံတော်၏အစပြုခြင်းဖြစ်သည်။ ခရစ်တော်၏အသက်တာ၊ အသေခံခြင်း၊ ရှင်ပြန်ထမြောက်ခြင်း၊ တက်ကြွခြင်း၊ ပင်တေကုတ္တေပွဲနှင့် တမန်တော်များ၏ဓမ္မအမှုတော်များသည် အခြေခံအုတ်မြစ် သို့မဟုတ် *နောက်ဆုံးသောအချိန်* ၏အစအဦးကို ပုံသွင်းခဲ့သည်။ ဓမ္မသစ်ကျမ်းအရ ပြန်လည်တည်ဆောက်ခြင်း၏ဒုတိယအဆင့်ကို နိုင်ငံတော်ဆက်လက်တည်မြဲခြင်းဟု ခေါ်ပါသည်။ ခရစ်တော်၏ပထမကြွလာပြီးနောက်၊ ဒုတိယကြွလာခြင်းမတိုင်မီ၊ ယနေ့ကျွန်ုပ်တို့အသက်ရှင်သောအချိန်ဖြစ်သည်။ ပြန်လည်တည်ဆောက်ခြင်း၏တတိယအဆင့်ကို နိုင်ငံတော်၏ပြီးပြည့်စုံခြင်းအဖြစ် ဖော်ပြနိုင်သည်။ ခရစ်တော်ကြွလာသောအခါ၊ ကိုယ်တော်သည် ရှေးပရောဖက်များကတိပြုထားသော ပြန်လည်တည်ဆောက်ခြင်းအတိုင်းအတာကို အပြည့်အဝယူဆောင်လာမည်ဖြစ်သည်။ ဓမ္မသစ်ကျမ်းတစ်ခုလုံးသည် နောက်ဆုံးသောကာလအစပြုခြင်း၏ အခြေခံဖွဲ့စည်းပုံနှင့် ကိုက်ညီပါသည်။

# အကြောင်းအရာများ

ဓမ္မသစ်ရှုမြင်ချက်များ၏အဓိကအသုံးအနှုန်းများနှင့် အခြေခံဖွဲ့စည်းပုံတို့ကို တွေ့မြင်ပြီးနောက်၊ ယခု ကျွန်ုပ်တို့သည် ဓမ္မဟောင်းကျမ်းတွင်သာမက၊ ဓမ္မသစ်ကျမ်းတွင်လည်းပါရှိသည့် နောက်ဆုံးသောကာလအယူဝါဒဆိုင်ရာ အကြောင်းအရာအချို့ကို လေ့လာသင့်ပါသည်။ အဓိကအကြောင်းအရာနှစ်ခုဖြစ်သော ကျွန်ခံခြင်းဆိုင်ရာအကြောင်းအရာနှင့် ပြန်လည်တည်ဆောက်ခြင်းဆိုင်ရာကို ကြည့်ပါမည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

## ကျွန်ခံခြင်း

ပထမဦးစွာ ကျွန်ခံခြင်း၏အကြောင်းအရာကို သုံးသပ်ကြည့်ပါ။ ကျွန်ခံရခြင်း၏ ဓမ္မဟောင်း ရည်ရွယ်ချက်သည် ဘုရားသခင်က သူ၏လူများကို စစ်နှင့် သဘာဝတရားတွင် ပြင်းထန်စွာ တရားစီရင်ရန် ခြိမ်းခြောက်ခဲ့သည့်အချက်ဖြစ်ကြောင်း သင်သတိရပါလိမ့်မည်။ ဤကျွန်ခံခြင်းဆိုင်ရာ အကြောင်းအရာများကို ဓမ္မသစ်ကျမ်းတွင် အစပြုခြင်း၊ ဆက်လက်တည်မြဲခြင်းနှင့် ပြီးပြည့်စုံခြင်း ဖွဲ့စည်းပုံတို့နှင့် ချိန်ညှိထားသည်။ ဦးဆုံးအနေနှင့်၊ ခရစ်တော်သည် သူ၏မြေကြီးဆိုင်ရာဓမ္မအမှုတော်တွင် သူ၏နိုင်ငံတော်အစပြုသောအခါ၊ ပဋိညာဉ်လူများကို တရားစီရင်သောနုတ်ကပတ်တော်များကို မကြာခဏမိန့်တော်မူခဲ့သည်။

ကျွန်ခံခြင်း၏အကြောင်းအရာသည် နိုင်ငံတော်ဆက်လက်တည်မြဲခြင်းနှင့်လည်း သက်ဆိုင်ပါသည်။ တစ်ဖက်တွင်မူ၊ သူတို့၏မေရှိယကိုနာခံရန် ငြင်းဆန်သော အာဖြဟံ၏ရုပ်ပိုင်းဆိုင်ရာသားသမီးများသည် ဘုရားသခင်၏ကောင်းချီးမင်္ဂလာမှ ဝိညာဉ်ရေးကျွန်ခံခြင်းသို့ ဆက်လက်စီရင်ခြင်းခံရသည်။ သူတို့သည် ဘုရားသခင်၏နိုင်ငံတော်ဆိုင်ရာကောင်းချီးမင်္ဂလာများမှ ဖယ်ထုတ်ခြင်းခံရသည်။ အခြားတစ်ဖက်တွင်၊ မြင်ရသောအသင်းတော်သို့လာရောက်ကြသော တစ်ပါးအမျိုးသားများအတွက်လည်း အလားတူပင်ဖြစ်သည်။ အသင်းတော်၏ဆုံးမပဲ့ပြင်မှု၊ အဆုံးစွန်ဖြစ်သောအသင်းတော်မှထုတ်ပယ်ခြင်း၊ သည်အသင်းတော်ရှိ တစ်ပါးအမျိုးသားများနှင့် ဂျူးလူမျိုးများသည် ဘုရားသခင်ကို ဆန့်ကျင်ပုန်ကန်သောအခါ တရားစီရင်ခြင်းအောက်၌ကျွန်ခံရခြင်းဖြစ်သည်ဟု ဓမ္မသစ်ကျမ်းသည် ကြိမ်ဖန်များစွာ ရှင်းလင်းစွာ ဖော်ပြထားသည်။

နောက်ဆုံးတွင်၊ ဓမ္မသစ်ကျမ်းသည် နိုင်ငံတော်၏ပြီးပြည့်စုံခြင်းတွင် ထာဝရကျွန်ခံရလိမ့်မည်ဟုလည်း သွန်သင်ထားသည်။ ခရစ်တော်ပြန်ကြွလာသောအခါ၊ အယူဖောက်ပြန်သူများကို တရားစီရင်ပြီး၊ ကောင်းကင်သစ်နှင့် မြေကြီးသစ်၏ကောင်းချီးမင်္ဂလာများနှင့်ဝေးရာ ထာဝရစီရင်ခြင်းသို့ ပို့မည်ဖြစ်သည်။ ဤနည်းလမ်းများဖြင့်၊ ကျွန်ခံခြင်း၏ရည်ရွယ်ချက်သည် ဓမ္မသစ်တွင်ပြည့်စုံကြောင်း ကျွန်ုပ်တို့မြင်ရသည်။ သို့သော် ဤပြည့်စုံမှုသည် အစပြုခြင်း၊ ဆက်လက်တည်မြဲခြင်းနှင့် ပြီးပြည့်စုံခြင်းစသည့် ကာလများအလိုက် ပုံဖော်ထားသည်။

ဓမ္မသစ်ကျမ်းသည် ကျွန်ခံခြင်း၏အကြောင်းအရာကို ရိုးရှင်းစွာပြောနေခြင်းမဟုတ်ပါ။ ဘုရားသခင်၏လူမျိုးအတွက် ပြန်လည်တည်ဆောက်ခြင်းဆိုင်ရာကောင်းချီးမင်္ဂလာများသည် ခရစ်တော်၌ ရောက်ရှိလာကြောင်းကိုလည်း ရှင်းလင်းစွာသွန်သင်ထားပါသည်။

## ပြန်လည်တည်ဆောက်ခြင်း

နောင်ကာလတွင် ဘုရားသခင်သည် သူ၏လူများကို စစ်မက်နှင့် သဘာဝတရားတွင် အတိုင်းအတာထက်ကျော်လွန်၍ ကောင်းချီးမင်္ဂလာပေးမည်ဖြစ်ကြောင်း ဓမ္မဟောင်းပရောဖက်များသွန်သင်ခဲ့ကြသည်။ ဓမ္မသစ်ကျမ်းက ဤပြန်လည်တည်ဆောက်ခြင်းကောင်းချီးမင်္ဂလာများသည် ခရစ်တော်၏နိုင်ငံတော် ကာလသုံးဆင့်တွင် ရောက်ရှိလာသည်ဟု သွန်သင်သည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သော့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ဦးဆုံးအနေနှင့်၊ နိုင်ငံတော်အစပြုချိန်ကာလ၌၊ ခရစ်တော်၏ဓမ္မအမှုတော်၏ သွင်ပြင်လက္ခဏာဖြစ်သော ပြန်လည်တည်ဆောက်ခြင်းဆိုင်ရာ အကြောင်းအရာများစွာကို ကျွန်ုပ်တို့တွေ့ရှိရသည်။ ဓမ္မဟောင်းပရောဖက်များက ဒါဝိဒ်၏ရာဇပလ္လင်ကို ပြန်လည်တည်ထောင်မည်ဟု ဆိုထားသကဲ့သို့၊ ယေရှုကို "ဒါဝိဒ်၏သားတော်" "ရှင်ဘုရင်" ဟုခေါ်သည်။ ဓမ္မဟောင်းပရောဖက်များက နောင်ကာလတွင် ဗိမာန်တော်ကို ပြန်လည်တည်ဆောက်မည်ဟု ဆိုခဲ့သည့်အတိုင်း၊ ယေရှုသည် ဘုရားသခင်၏ဗိမာန်တော်ဖြစ်သည်။ ပရောဖက်များသည် မကောင်းမှုများ၊ တစ်ပါးအမျိုးသားလူမျိုးများနှင့် သူတို့၏ဘုရားများအပေါ်တွင် ကြီးစွာသောအောင်မြင်ခြင်းအကြောင်းကို ကြိုတင်ဟောပြောသကဲ့သို့၊ ယေရှုသည် စာတန်နှင့် သေခြင်း၏တန်ခိုးကို အနိုင်ယူခြင်းဖြင့် သူ၏လူများအတွက် အောင်မြင်ခြင်းကို စတင်ခဲ့သည်။ ဓမ္မဟောင်းပရောဖက်များသည် ဘုရားသခင်၏လူမျိုးတော်အတွက် ကြီးစွာသောအမွေဥစ္စာကို ကြိုတင်ဟောပြောသကဲ့သို့၊ ယေရှုသည် ကျွန်ုပ်တို့၏အမွေဥစ္စာကိုပေးဆပ်မည့် သန့်ရှင်းသောဝိညာဉ်တော်ကို စေလွှတ်ခဲ့သည်။ ထို့အပြင်၊ ပရောဖက်များသည် သဘာဝတရားဆိုင်ရာ ကြီးမြတ်သောကောင်းချီးမင်္ဂလာများအကြောင်း ဟောပြောသကဲ့သို့၊ ယေရှုသည် သူ၏ဓမ္မအမှုတော်တွင် မရေမတွက်နိုင်သောရုပ်ပိုင်းဆိုင်ရာကုသခြင်းများကို လုပ်ဆောင်ခဲ့သည်။ သခင်ယေရှု၏ပထမဆုံးကြွလာခြင်းသည် ဘုရားသခင်၏ကောင်းချီးမင်္ဂလာများအတွက် နောက်ဆုံးပြန်လည်တည်ဆောက်ခြင်း၏အစဖြစ်ကြောင်း ဓမ္မသစ်ကျမ်းသည် သွန်သင်သည်။

ဒုတိယအနေနှင့်၊ ဤပြန်လည်တည်ဆောက်ခြင်းဆိုင်ရာ အကြောင်းအရာများသည် နိုင်ငံတော်၏ဆက်လက်တည်ရှိမှုကိုလည်းဖော်ပြသည်—ခရစ်တော်၏ပထမအကြိမ်နှင့် ဒုတိယကြွလာချိန်အကြားကျွန်ုပ်တို့၏ကာလဖြစ်သည်။ ဒါဝိဒ်၏သားတော်အတွက် ပရောဖက်များကြိုတင်ကာ ဟောပြောခဲ့သည့်အတိုင်း၊ ယေရှုသည် ကမ္ဘာပေါ်တွင် ဘုရင်အဖြစ်ဆက်လက်စိုးစံနေပါသည်။ ခရစ်တော်၏ကိုယ်ခန္ဓာသည် နောက်ဆုံးကာလဘုရားသခင့်ဗိမာန်တော်၏ဓမ္မဟောင်းရုပ်ပုံများ ပြည့်စုံခြင်းပင်ဖြစ်သည်။ အသင်းတော်ကို ယခု ဘုရားသခင်၏ဗိမာန်တော်ဟုခေါ်သည်။ ဘုရားသခင်၏လူတို့သည် လောကကိုအောင်လိမ့်မည်ဟု ပရောဖက်များပြောခဲ့သည်အတိုင်း၊ အသင်းတော်သည် မကောင်းမှုကိုဆန့်ကျင်၍ဝိညာဉ်ရေးတိုက်ပွဲများတွင် အောင်မြင်မှုများရှိသည်။ သန့်ရှင်းသောဝိညာဉ်တော်သည် ကျွန်ုပ်တို့၏အမွေဥစ္စာအပြည့်အဝပေးချေမှုအဖြစ် အသင်းတော်တွင် ဆက်လက်တည်ရှိနေပါသည်။ ထို့အပြင်၊ ဘုရားသခင်သည် ကိုယ်တော်၏လူများအပေါ်ရုပ်ပိုင်းဆိုင်ရာ ကုသခြင်းများနှင့် အခြားသောအထူးပံ့ပိုးပေးမှုများဖြင့် ကောင်းချီးမင်္ဂလာပေးနေသည်ကို ခရစ်ယာန်များသည်တွေ့မြင်ရလေ့ရှိသည်။ ဤနည်းလမ်းနှင့် အခြားနည်းလမ်းများစွာဖြင့်၊ ပြန်လည်တည်ဆောက်ခြင်းဆိုင်ရာ ကြီးစွာသောကတိတော်များသည် ခရစ်တော်၏နိုင်ငံတော် ဆက်လက်တည်မြဲခြင်းတွင် ပြည့်စုံကြောင်း ဓမ္မသစ်ကျမ်းကရှင်းလင်းစွာဖော်ပြထားသည်။

တတိယအချက်မှာ၊ ဓမ္မသစ်ကျမ်းသည် ခရစ်တော်၏နိုင်ငံတော်အစပြုခြင်း ပြန်လည်တည်ဆောက်ခြင်းကောင်းချီးမင်္ဂလာများကို ဆက်လက်လုပ်ဆောင်ကြောင်း သွန်သင်ရုံသာမက၊ နိုင်ငံတော်၏ပြီးပြည့်စုံခြင်းသည် ပြန်လည်တည်ဆောက်ခြင်းဆိုင်ရာ ဓမ္မဟောင်းကတိတော်များအားလုံး၏အဆုံးစွန်သို့ ရောက်စေမည်ဟုလည်း သွန်သင်ထားသည်။ ဒါဝိဒ်၏သားတော်သည် တိုင်းနိုင်ငံအားလုံးကို အုပ်စိုးလိမ့်မည်ဟု ပရောဖက်များပြောခဲ့သည့်အတိုင်း၊ သခင်ယေရှုပြန်လည်ကြွလာသောအခါ သူ၏ဘုရင်



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

အဖြစ်အပုပ်စိုးခြင်းသည် ကမ္ဘာအရပ်ရပ်သို့ ပြန့်နှံ့သွားမည်ဖြစ်သည်။ သခင်ယေရှုပြန်လည်ကြွလာသော အခါ၊ ဘုရားသခင်သည် အသစ်သောဖန်ဆင်းခြင်းတစ်ခုလုံးကို ဘုရားသခင်၏ဗိမာန်တော်တစ်ခုတည်း အဖြစ်သို့ ပြန်လည်ပြုပြင်ပေးခြင်းဖြင့် အသစ်ပြုပြင်ထားသောဗိမာန်တော်၏ကတိတော်သည် ပြည့်စုံ လိမ့်မည်။ ဤခေတ်ကာလ၏အဆုံးတွင်၊ ဘုရားသခင်၏လူမျိုးတို့သည် မကောင်းမှုအပေါ် အပြည့်အဝ အောင်ပွဲရလိမ့်မည်။ ဘုရားသခင်၏လူတို့သည် ဖန်ဆင်းခြင်းအသစ်၏အမွေဥစ္စာကို အပြည့်အဝရရှိကြ လိမ့်မည်။ ထို့အပြင်၊ သဘာဝတရားသည် ကယ်တင်ခြင်း၏ဘုန်းအသရေ၌ လုံးဝအသစ်ပြုပြင်ထား သော ပရဒိသုဘုံအဖြစ်သို့ ထွက်ပေါ်လာမည်ဖြစ်သည်။ ဤနည်းလမ်းများနှင့်ထို့ထက်မက၊ ခရစ်တော် သည် သူ၏နိုင်ငံတော်ကို ပြီးပြည့်စုံခြင်းသို့ ယူဆောင်လာသောအခါ ပြန်လည်တည်ဆောက်ခြင်းဆိုင်ရာ ပရောဖက်ပြုချက်များ ပြည့်စုံလိမ့်မည်။

# နိဂုံး

ဤနောက်ဆုံးသောကာလအယူဝါဒကို ဖွင့်ပြခြင်းသင်ခန်းစာတွင် မောရှေမှစ၍၊ အစောပိုင်း ပရောဖက်များမှတစ်ဆင့် နောက်ပိုင်းပရောဖက်များ၊ ထို့နောက် ဓမ္မသစ်ကျမ်းအထိတိုင်၊ သမိုင်း၏ နောက်ဆုံးအပြီးသတ်အတွက် မျှော်လင့်ချက်များဖွံ့ဖြိုးတိုးတက်လာမှုကိုကျွန်ုပ်တို့ မြင်တွေ့ခဲ့ရပါသည်။ ဘုရားသခင်သည် ဤလောက၏အဆုံးစွန်အတွက် သူ၏အကြံအစည်ကို ပို၍ထုတ်ဖော်ပြသသည်ကို သင်ခန်းစာတစ်လျှောက် အဆင့်တိုင်းတွင် ကျွန်ုပ်တို့တွေ့မြင်ခဲ့ရပါသည်။

ကျွန်ုပ်တို့သည်ကျွန်ခံခြင်းအကြောင်းပြောသော ဓမ္မဟောင်းကျမ်းများကိုဖတ်သည့်အခါတိုင်း၊ ဓမ္မသစ်ကျမ်း၏ရှုထောင့်မှကြည့်ရပါမည်။ နိုင်ငံတော်စတင်တည်ထောင်ချိန်၊ နိုင်ငံတော်ဆက်လက် တည်မြဲခြင်း၊ နိုင်ငံတော်၏ပြီးပြည့်စုံခြင်းတို့၌ ပဋိညာဉ်ဖောက်ဖျက်သူများအတွက် ကျွန်ခံရခြင်း ရှိပါ သည်။ ပြန်လည်တည်ဆောက်ခြင်းဆိုင်ရာ အနာဂတ်ကောင်းချီးမင်္ဂလာများအကြောင်းကိုပြောသော ဓမ္မဟောင်းပရောဖက်ကျမ်းများအား ဖတ်သည့်အခါတိုင်း၊ ဤကောင်းချီးမင်္ဂလာများသည် ခရစ်တော်၏ နိုင်ငံတော်အစပြုခြင်း၊ ဆက်လက်တည်မြဲခြင်းနှင့် ပြီးပြည့်စုံခြင်းတွင် ရောက်ရှိလာကြောင်း ကျွန်ုပ်တို့ အမြဲအမှတ်ရနေရမည်ဖြစ်သည်။ ကျွန်ုပ်တို့သည် ဤရှုထောင့်အမြင်များကို စွဲမှတ်ထားမည်ဆိုလျှင်၊ ဓမ္မသစ်ကျမ်းရေးသူများနှင့် ယေရှုကိုယ်တော်တိုင်၏အမြင်ဖြင့် ဓမ္မဟောင်းပရောဖက်ပြုချက်များကို ကြည့်ရှုနိုင်မည်ဖြစ်သည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သွားရောက်ကြည့်ရှုနိုင်ပါသည်။